# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 March 2025 ၁၁၇၅၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်မည်

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin**

# ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၄**


ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံ ဆွေးနွေးသည်။

**ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေး လက်ထောက်အရာရှိ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။**

# ကူးစက်ဖြစ်ပွားတတ်သည့်ရောဂါများ ပြည်သူများသတိပြုကြိုတင်ကာကွယ်

ယခုရက်ပိုင်းတွင် ပြည်သူများကြားရှိ လူမှုကွန်ရက်များ၌ အသည်းရောင်အသားဝါ(အေ)ပိုးနှင့်ပတ်သက်၍ အသိပေးပြောဆိုမှုများ ကြားသိရပြီးနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အသည်းရောင်အသားဝါ(အေ)ပိုးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရမည်ဖြစ်သည်။

အဆိုပါရောဂါသည် အသည်းရောင်အသားဝါ(အေ) ရောဂါပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ကြောင်း၊ အသက်အရွယ်မရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသိပေးထားသည်။ ထို့ကြောင့် အဆိုပါရောဂါပိုးကို ကပ်ရောဂါအသွင် မဖြစ်ပွားလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အများပြည်သူလူထုတို့ ပူးပေါင်းလက်တွဲပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုရောဂါပိုးသည် အသည်းရောင်အသားဝါပိုးများ၏ မိသားစုဝင်ပိုးတစ်မျိုးဖြစ်သည်။ (အေ)ပိုးသည် အသည်းကိုထိခိုက်စေသည့်ပိုးတစ်မျိုးဖြစ်သည်။ ၎င်းပိုးသည် ကူးစက်ဖြစ်ပွားမှုလွယ်ကူစေပြီး ပုံမှန်အားဖြင့် အစာသွင်းသည့်လမ်းကြောင်းနှင့် မစင်စွန့်ရာလမ်းကြောင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ ပိုးရှိနေသည့် အစားအစာ၊ သောက်သုံးရေ သို့မဟုတ် ပိုးကူးစက်ခံထားရသူနှင့် အနီးကပ်တိုက်ရိုက်ထိတွေ့ခြင်းတို့မှ ကူးစက်ခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၌ နှစ်စဉ်လူဦးရေ သန်းဆယ်နှင့်ချီ၍ အသည်းရောင်အသားဝါ(အေ)ရောဂါပိုး ကူးစက်ခံနေရသည်ဟု သိရသည်။

ရောဂါကူးစက်ခံရပြီးချိန်နှင့် ရောဂါလက္ခဏာပြသည့်အချိန်(ရောဂါပျိုးချိန်)မှာ ရက်သတ္တပတ်နှစ်ပတ်မှ ခြောက်ပတ်အတွင်းဖြစ်ပေါ်နိုင်ပြီး ပုံမှန်ရောဂါပျိုးချိန်မှာ ၂၈ ရက်ဖြစ်သည်။ အသည်းရောင်အသားဝါပိုးများကို အေပိုး၊ ဘီပိုး၊ စီပိုး၊ ဒီပိုး စသည့်ဖြင့် သတ်မှတ်ထားသည်။ ရောဂါပိုးများမှာ အဓိကအားဖြင့် အသည်းကို တိုက်ခိုက်ခြင်းဖြစ်သော်လည်း ကူးစက်ပုံခြားနားသည်။ ယခု(အေ)ပိုးသည် ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်းဖြစ်ပေါ်လေ့ရှိသည်။

အဆိုပါရောဂါပိုးကြောင့် ပြင်းထန်စွာ အသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီးစေပြီး အသက်အန္တရာယ်ပါ ထိခိုက်နိုင်သည်။ မူလအသည်းရောင်အသားဝါ(ဘီ)ရောဂါပိုး သို့မဟုတ် (စီ)ရောဂါပိုးရှိသူများ၊ အိတ်ချ်အိုင်ဗွီရောဂါပိုးရှိသူများအနေဖြင့် အဆိုပါရောဂါကူးစက်ခံရပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။ ရောဂါကူးစက်ခံရသည့် ကလေးများတွင် ၉၀ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာပြသခြင်းမရှိဘဲ ငယ်ရွယ်သူများအနေဖြင့် အထူးခြားနားသည့်လက္ခဏာမပြပေ။ မြန်မာနိုင်ငံ၌ (အေ)ပိုး ပြန့်ပွားပုံသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပေါ်သည့်အတိုင်း သန့်ရှင်းသောသောက်သုံးရေမရရှိမှု၊ ပိုးရှိသည့် မသန့်ရှင်းသောအစားအသောက်များမှ ကူးစက်ခံရမှု၊ သန့်ရှင်းပြီး စနစ်ကျသည့်အိမ်သာများ အသုံးမပြုနိုင်မှုတို့ကြောင့် ရောဂါကူးစက်မှုဖြစ်လွယ်သည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို သတိပြုရန်လိုသည်။ အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောကြရမည်ဖြစ်သည်။ ဆူပွက်သည်အထိ ကျိုချက်ထားသောရေနွေး သို့မဟုတ် ရေသန့်ဆေးပြားအသုံးပြုထားသည့် သန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုထားသည့် ရေသန့်တို့ကို သောက်သုံးသင့်ပါသည်။ အစားအစာများကို အစိမ်းစားခြင်း၊ ယင်နားစာများကို စားသုံးခြင်းတို့မှ သတိပြုရှောင်ကြဉ်ရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုသော အိမ်သာများ၊ မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန် အထူးသတိပြုရမည်ဖြစ်သည်။ ရောဂါကူးစက်ဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပြင်ပတွင် အစားအသောက်ရောင်းချသူများအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားပါက အရေပြားနှင့်မျက်သားများ ဝါပြီးနောက် အနည်းဆုံး ရက်ပေါင်း ၁၀ ရက်ကြာသည်အထိ အစားအသောက်များ ကိုင်တွယ်ပြုလုပ်ရောင်းချခြင်းကို ရပ်နားထားရန်လိုအပ်ပါသည်။ ပြည်သူများအနေဖြင့် အိမ်တွင်းအစားအသောက်သာမက ပြင်ပအစားအစာများကို စားသောက်ကြရာတွင် ရောဂါကူးစက်ခြင်းမခံရစေရေးအတွက် အထူးသတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ဖျားနာခြင်း၊ အရေပြားနှင့်မျက်သားများ ဝါခြင်း စသည့်အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာ ဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကြရန်နှင့် ရောဂါကူးစက်ခြင်းမခံရအောင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရောဂါကြိုတင်ကာကွယ်ရေးတို့ကို မဖြစ်မနေဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ ''ပြည်သူ့ကြားကပြည်သူ့စကား'' အစီအစဉ်မှ **"အမေရိကန်နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG"**ခေါင်းစဉ်ဖြင့် မတ် ၅ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ယဉ်ကျေးမှုအမွေစောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၃ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၁,၆၇၉ | ၁၂,၀၈၈,၈၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁,၃၂၈ | ၃,၉၂၀,၁၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃၄၅ | ၂,၆၉၁,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၀၀ | ၂,၂၉၅ | ၄,၀၈၃,၈၅၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၂၁၈ | ၆၃၂,၂၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၅၃၈ | ၈၆၀,၈၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၂၀၅ | ၈၁၀,၀၀၀ |
| MAEX | ၃,၁၅၀ | ၃,၂၀၀ | ၃၇၀ | ၁,၁၈၂,၀၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ သီးခြားတွေ့ဆုံဆွေးနွေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

**☆ ရှေ့ဖုံးမှ**

ထိုသို့ တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin က ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခု နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူ စာချုပ်များကို လက်မှတ် ရေးထိုးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မော်စကိုမြို့တွင် တွေ့ဆုံမှုအတွက်ဝမ်းမြောက်ကြောင်းကို မိမိအနေဖြင့် ထပ်မံပြောကြားလိုပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ တွေ့ဆုံခဲ့ပြီးယခုအခါ ဒုတိယအကြိမ် တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် ရေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှ နေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ တွေ့ဆုံမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် အခြား ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်

**စာမျက်နှာ ၄ သို့ »»**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားစဉ်။

»»» **စာမျက်နှာ ၃ မှ**

ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာ ဘွဲ့ဒီဂရီများအပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အနုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည် ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဆိုင်ရာ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူညီချက် စာချုပ်(မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှု အောင်မြင်စွာပြီးမြောက်ခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲကြေညာချက်တို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့ ရှေ့မှောက်၌ အသီးသီး လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားမှုများကိုသီးခြားဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## လူငယ်များအကျိုးရှိစေမည့် ကဏ္ဍစုံမြှင့်တင်ပေးနိုင်ရေး သင်တန်းများနှင့် လှုပ်ရှားမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၄**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက In Person စနစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်ရာတွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် လူငယ်စင်တာများ ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်များလျာထားရေးဆွဲဆောင်ရွက်သွားစေလိုကြောင်း၊ လူငယ်များအနေဖြင့် ယခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန် ကင်းထောက်သင်တန်းများ၊ လူငယ်များအကျိုးရှိစေမည့် ကဏ္ဍစုံမြှင့်တင်ပေးနိုင်ရေး သင်တန်းများနှင့် လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက စနစ်တကျဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊နိုင်ငံ၏ အနာဂတ်ကြယ်ပွင့်များဖြစ်သည့် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးသွားရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဗဟိုကော်မတီဝင်များက လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ

**နေပြည်တော် ၂၀၂၅ မတ်လ ၄ ရက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ရုရှားနိုင်ငံကို အလည်အပတ်ခရီးလာရောက်တဲ့အတွက် ကြိုဆိုပါတယ်။ နှစ်နိုင်ငံအကြားမှာ စိတ်ချယုံကြည်ရတဲ့ ဆက်ဆံရေးလည်း ရှိပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုကို အဓိကထား ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို လွန်ခဲ့တဲ့နှစ်တွေကတည်းက လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ကစပြီး ဆိုဗီယက်ပြည်ထောင်စုက နိုင်ငံများအနက် ရုရှားနိုင်ငံက မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကို ပထမဆုံး အသိအမှတ် ပြုခဲ့ပါတယ်။ နောင် ဆိုဗီယက်ပြည်ထောင်စုက မြန်မာနိုင်ငံကို အကူအညီတွေပေးခဲ့ပါတယ်။ ပြီးတော့ ပညာရှင်များကိုလည်း ကူညီပေးခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုရဲ့ အကူအညီနဲ့ မြန်မာနိုင်ငံမှာ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်၌ အရေးကြီးတဲ့ စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာလည်း ရုရှားနိုင်ငံက မြန်မာနိုင်ငံကို အားပေးကူညီလျက်ရှိပြီး မြန်မာစက်မှုစီးပွားရေး အခန်းကဏ္ဍမှာလည်း အကူအညီပေးပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေး အခြေအနေကိစ္စရပ်များ ကောင်းမွန်စေဖို့အတွက်ကိုလည်း ထောက်ခံအားပေးနေပြီးတော့ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြောင်းလဲအတည်ပြုခဲ့ပါတယ်။ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်စေဖို့ပါရှိပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျွန်တော်တို့ နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏ ၄၀ ရာခိုင်နှုန်း ခန့် တိုးမြင့်ခဲ့ပြီး ယခင်က သန်း ၂၀၀၀ ခန့် ရှိပါတယ်။ ကျွန်တော်တို့ အပြန်အလှန် ကုန်သွယ်ရေးကို တိုးတက်စေဖို့ အဆင်သင့်ရှိပါတယ်။ ချေးငွေနဲ့ ဘဏ္ဍာရေးနယ်ပယ်မှာလည်း ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားစဉ်။

ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ကလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မကြာခင်က ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ စွမ်းအင်အခန်းကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အခြားနယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ မိမိတို့အနေနဲ့အသင့်ရှိပါတယ်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ တိုးတက်ရေး၊ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား ပေါပေါများများ ပေးနိုင်ပါမယ်။ မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့ သဘောတူညီချက်အချို့ ရှိခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ စက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်မှာ ကျွန်တော်တို့ ပူးတွဲစီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်။ ရုရှားနိုင်ငံအကူအညီနဲ့ မြန်မာနိုင်ငံမှာ ဂြိုဟ်တုက ရရှိထားတဲ့အချက်အလက်များလေ့လာရေးစင်တာကို ဖွဲ့စည်းထားပါတယ်။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့လည်း ရုရှားနိုင်ငံ ဒုံးပျံနှင့်အာကာသဗဟိုဌာနကို လေ့လာခဲ့ပါတယ်။ ရုရှားနိုင်ငံက အာကာသနယ်ပယ်မှာ အောင်မြင်မှုနဲ့ပတ်သက်ပြီး ဗဟုသုတများစွာ ရရှိနိုင်မှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနယ်ပယ်နဲ့ လူသားချင်းစာနာမှုနယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ပါမယ်။ မြန်မာနိုင်ငံမှာ ရုရှားယဉ်ကျေးမှုဗဟိုဌာနကို ဖွင့်ဖို့ရှိပြီးတော့ ရန်ကုန်မြို့မှာ ပထမဆုံး အော်သိုဒေါ့ခရစ်ယာန်ရုရှားဘုရားရှိခိုးကျောင်းတည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ရုရှားနိုင်ငံမှာလည်း မြန်မာနိုင်ငံ ယဉ်ကျေးမှုနဲ့ ဗုဒ္ဓဘာသာဗဟိုဌာန နှစ်ခုရှိပါတယ်။

မြန်မာနိုင်ငံသူ/နိုင်ငံသားများ ရုရှားဘာသာစကားကိုသင်ယူဖို့အတွက် မြန်မာနိုင်ငံမှ ခေါင်းဆောင်များက အကူအညီပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ရုရှားဘာသာစကားကို မြန်မာနိုင်ငံမှာ နာမည်ကြီးတက္ကသိုလ်နှစ်ခုဖြစ်တဲ့ ရန်ကုန်နဲ့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်နဲ့ စစ်တက္ကသိုလ်မှာလည်း ရုရှားဘာသာစကားကို သင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို ယခုထက်ပိုမိုသင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်။ အခု ရုရှားတက္ကသိုလ်မှာ မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၃၀၀ ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ရုရှားနိုင်ငံ တက္ကသိုလ်အသီးသီးကနေ ပညာရပ်များ သင်ယူတတ်မြောက်ခဲ့တဲ့ မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဆိုပါက ဦးရေ တစ်သောင်းခန့် ရှိခဲ့ပြီဖြစ်ပါတယ်။ မေလ ၉ ရက်နေ့မှာ (၈၂) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မော်စကိုမှာကျင်းပမှာဖြစ်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကို အခမ်းအနားကို ပါဝင်တက်ရောက်နိုင်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံက ကိုယ်စားပြုတပ်ဖွဲ့ကိုလည်း ရင်ပြင်နီချီတက်ပွဲမှာ ပါဝင်ချီတက်စေလိုပါတယ်။ နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးလိုပြီးတော့ နိုင်ငံတကာ ပြဿနာအများစုနဲ့ပတ်သက်ပြီး ရုရှား-မြန်မာ ရပ်တည်ချက်တွေက ကိုက်ညီပါတယ်။ တူညီပါတယ်။ နိုင်ငံတကာမျက်နှာစာမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပြီးတော့ အရှေ့ပစိဖိတ်ဒေသများ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ရုရှားနဲ့ မြန်မာနိုင်ငံတို့ လုံခြုံရေးနယ်ပယ်မှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်များကို အတူတူပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ရုရှားနိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးပွဲများ၊ ဆွေးနွေးမှုများ အောင်မြင်မှုရရှိခဲ့ပါတယ်။ ရရှိထားတဲ့ ရလဒ်တွေကြောင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အသီးသီးမှာ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။ မိမိရဲ့ ဆွေးနွေးချက်များကို စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

လေးစားအပ်ပါတဲ့ အဆွေတော် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်နှင့် တက်ရောက်လာကြတဲ့ နှစ်ဖက်က ဧည့်သည်တော်များခင်ဗျာ။ ကျွန်တော်က သမ္မတကြီး မစ္စတာပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အရေးပါပြီးယုံကြည်ရတဲ့ မိတ်ဆွေနိုင်ငံတစ်ခုဖြစ်ပါတယ်။

စာမျက်နှာ ၆ သို့ ☆

> **စွမ်းအင်အခန်းကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အခြားနယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ မိမိတို့အနေနဲ့အသင့်ရှိပါတယ်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ တိုးတက်ရေး၊ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား ပေါပေါများများ ပေးနိုင်ပါမယ်။ မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးနဲ့ ပတ်သက်တဲ့ သဘောတူညီချက်အချို့ ရှိခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ စက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်မှာ ကျွန်တော်တို့ ပူးတွဲစီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်။**

☆ စာမျက်နှာ ၅ မှ

ဒါကြောင့်အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ကျွန်တော်တို့အနေနဲ့ တန်ဖိုးထားပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ ၁၉၄၈ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်း ၇၇ နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးမှုဟာလည်း ပိုမိုနက်ရှိုင်းလာပြီးတော့မှ ပူးပေါင်းဆောင်ရွက်မှုတွေဟာလည်း ပိုမိုအောင်မြင်တိုးတက်လာတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်မှာ အဆွေတော်သမ္မတကြီး မစ္စတာပူတင်နဲ့ နှစ်နိုင်ငံရဲ့ နိုင်ငံတကာအခြေအနေအရပ်ရပ်ကို ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။ အလားတူ ရုရှားနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mr. Mikhail Vladimirovich Mishustim နဲ့ လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးနဲ့လည်း တွေ့ဆုံပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စီးပွားရေးအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနဲ့ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုမြှင့်တင်ရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယနေ့တွေ့ဆုံပွဲမှာလည်း ကျွန်တော်တို့နှစ်ဦးဟာ နှစ်ဖက်သဘောတူညီချက်များစွာကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်ပါတယ်။ အထူးသဖြင့် သမ္မတကြီးအနေဖြင့်လည်း အသေးစိတ်အားဖြင့်ရှင်းပြပြီးဖြစ်ပါတယ်။

**❛ယခုခရီးစဉ်ကနေတစ်ဆင့် ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနက်ရှိုင်းစေပြီးတော့မှနှစ်ဖက်အကြားမှာ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနဲ့ စွမ်းအင်ကဏ္ဍတို့ အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွေလည်း မကြာခင်ကာလအတွင်းမှာ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူလူထုကနေပြီးတော့မှ ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ပါကြောင်း ပြောကြားလို❜**

နှစ်ဖက်ယုံကြည်စိတ်ချစွာ ဆွေးနွေးမှုများကြောင့် သဘောတူညီချက် (၁၀) ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ခရီးစဉ်အတွင်းမှာ စိန့်ပီတာစဘတ်မြို့နဲ့ နိုဗာစီဘစ်ရ်စ်ခ်မြို့တို့မှာ မြန်မာကောင်စစ်ဝန်ရုံးများကိုလည်း တရားဝင်ဖွင့်လှစ်သွားမှာဖြစ်တာကြောင့် နှစ်ဖက်အကြား ဆွေးနွေးဖလှယ်မှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ ယခုခရီးစဉ်ကနေတစ်ဆင့် ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနက်ရှိုင်းစေပြီးတော့မှနှစ်ဖက်အကြားမှာ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနဲ့ စွမ်းအင်ကဏ္ဍတို့ အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွေလည်း မကြာခင်ကာလအတွင်းမှာ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူလူထုကနေပြီးတော့မှ ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာကြီး တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးရည်မှန်းချက်များ ပြည့်မီဖို့ဆောင်ရွက်တဲ့အချိန်မှာ ရုရှားနိုင်ငံက ဒေသတွင်းရဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ မြန်မာနိုင်ငံအပေါ်မှာ စဉ်ဆက်မပြတ်ထောက်ခံပေးမှုတွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အလေးအနက် ကျွန်တော်ပြောကြားလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ အပြည်ပြည်ဆိုင်ရာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။

အဆွေတော်သမ္မတကြီးခင်ဗျာ - မြန်မာနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် မြင့်မားစေဖို့အတွက် ကျွန်တော့်အနေနဲ့ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်ကို အစစအရာရာပြည့်စုံအောင် ဆောင်ရွက်ပေးမှုများ၊ နွေးထွေးစွာကြိုဆိုမှုများအတွက်ကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနဲ့ အဆွေတော် သမ္မတကြီးကို အခါအခွင့်သင့်တဲ့အချိန်မှာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်နိုင်ဖို့အတွက်ကိုလည်း ဖိတ်ကြားအပ်ပါတယ်။

# စဉ်ဆက်မပြတ် ပညာရှာဖွေနေသူတစ်ဦး

## ဒေါက်တာသင်ဇင်လွင်
## ဒုတိယပါမောက္ခချုပ် (ငြိမ်း)
## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ အရာရာကို ပညာဖြင့် လုပ်ကိုင်နေကြသည်။ ပညာဖြင့် ဆုံးဖြတ်နေကြသည်။ ပညာသည် အရာရာကို ဖန်တီးနိုင်စွမ်းရှိပါသည်။ ကျွန်မသည် ငယ်စဉ်ကတည်းက ကြိုးစားစွာ ပညာသင်ယူဆည်းပူးခဲ့ပါသည်။ ယခုဆိုလျှင် နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း အသက် ၆၂ နှစ်ပြည့်နီးပါးအထိ ပညာရှာဖွေနေဆဲ၊ သင်တန်းများ တက်ရောက်နေဆဲ၊ ဘွဲ့တက်ရောက်ယူနေဆဲ၊ ကျောင်းသူတစ်ဦးပါ။



ယခုအချိန်ထိ စာမေးပွဲဖြေဆိုရသည်ကို ကျွန်မအနေဖြင့် တာဝန်ကြီးတစ်ခုလို၊ စက်ရုပ်သဖွယ်လို စိတ်မခံစားရဘဲ ပျော်ရွှင်စရာကမ္ဘာလေးတစ်ခုထဲကို အချိန်နာရီပိုင်း ရောက်ရှိသွားသလို ခံစားသဘောထားခဲ့ပါသည်။ ဓာတုဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များကို ရရှိခဲ့ပါသည်။ ပညာဆိုသည်မှာ လက်ဆင့်ကမ်းသည့်ဆရာဖြစ်ပါသည်။ ပညာအမွေကို ထိုက်ထိုက်တန်တန်နှင့် ရရှိသလို ပြန်လည်လက်ဆင့်ကမ်းရန်လည်း အမြဲတမ်း ဆောင်ရွက်နေဆဲပါ။

**❛“ပညာ၊ သမာ၊ အာဘာ၊ နတ္ထိ” ပညာနှင့်တူသော အလင်းရောင်မရှိဟု ဆိုခဲ့ကြသည့်အတိုင်း လူ့ဘဝမှာ ပညာသည် လွန်စွာမှအရေးကြီးပါသည်။ ပညာတတ်ကြီးတစ်ယောက်ဖြစ်လာမှသာ မိမိကိုယ်တိုင်က လူ့လောကမှာ ကောင်းမွန်စွာရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ အမှားအမှန်၊ အကောင်းအဆိုးကိုလည်း ခွဲခြားသုံးသပ်၊ စဉ်းစားချင့်ချိန်၊ တွေးခေါ်တတ်သည့် ဆင်ခြင်တုံတရားရှိလာနိုင်မည်❜**

**“ပညာ၊ သမာ၊ အာဘာ၊ နတ္ထိ”** ပညာနှင့်တူသော အလင်းရောင်မရှိဟု ဆိုခဲ့ကြသည့်အတိုင်း လူ့ဘဝမှာ ပညာသည် လွန်စွာမှအရေးကြီးပါသည်။ ပညာတတ်ကြီးတစ်ယောက်ဖြစ်လာမှသာ မိမိကိုယ်တိုင်က လူ့လောကမှာ ကောင်းမွန်စွာရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ အမှားအမှန်၊ အကောင်းအဆိုးကိုလည်း ခွဲခြားသုံးသပ်၊ စဉ်းစားချင့်ချိန်၊ တွေးခေါ်တတ်သည့် ဆင်ခြင်တုံတရား ရှိလာနိုင်မည်ဖြစ်ပါသည်။

ပါရဂူဘွဲ့ရပြီးနောက်တွင်လည်း ပြည်တွင်းပြည်ပ သင်တန်းများ၊ ဒီပလိုမာသင်တန်းများကို တက်ရောက်ခဲ့ပါသည်။ လက်ရှိရာထူးနှင့် တာဝန်ထမ်းဆောင်စဉ်ကာလတွင် ရုရှားဘာသာစကားကို နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဖွင့်လှစ်သော အွန်လိုင်း (Basic Level-1 & II) အမှတ်အများဆုံးနှင့် အောင်မြင်ခဲ့ပါသည်။ ထို့ပြင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဖွင့်လှစ်သော Post Graduate Diploma in Law (PGDL), Toursim (PGDGT) နှင့် Business (PGDB) ဘွဲ့များတွင် ပထမဆုများရရှိခဲ့ပါသည်။ ယခုလို အသက်အရွယ်ကို မစဉ်းစားဘဲ ပညာရေးတွင် စဉ်ဆက်မပြတ် ဆည်းပူးနေရင်း ပြောင်းလဲလာမည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို လျှောက်လှမ်းရာတွင် ပညာရှင်များအားလုံးသည် “ပျော်ရွှင်စရာအွန်လိုင်းကမ္ဘာ” လေးမှာ တွေ့ဆုံကြမှာဖြစ်ပါသည်။ ။

(ဤဆောင်းပါးဖြင့် ကျေးဇူးရှင်မိဘနှစ်ပါးနှင့် ဆရာသမားများအားလုံး၏ ပညာအမွေများကို ရင်ဝယ်ပိုက်ကာ အစဉ်ရှိသေလေးစား ဂါရဝတရားဦးထိပ်ပန်ဆင်လျက်။)



# ဇေယျာသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

နေပြည်တော် မတ် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပစ္စည်းဖြည့်တင်းရေးဌာန ပေါင်းလောင်းစတိုဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပစ္စည်းဖြည့်တင်းရေးဌာန အထွေထွေမန်နေဂျာ ဦးအောင်သွင်က အဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်က မီးဘေးအန္တရာယ်လုံခြုံကာကွယ်ရေး အသိပညာပေးဆွေးနွေးရခြင်း ရည်ရွယ်ချက်များ၊ မီးလောင်မှု အခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းရင်းများ၊ လျှပ်စစ်ဝါယာလျှော့မဖြစ်အောင် ကာကွယ်ရမည့် နည်းလမ်းများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် လက်တွေ့မီးငြိမ်းသတ်ခြင်း လေ့ကျင့်မှုများကို ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးမင်းသူက ဦးဆောင်၍ ရိုးရိုးမီး၊ ဆီမီး၊ ဂက်စ်မီးလောင်မှုများကို လက်တွေ့ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသ၍ လက်တွေ့ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၄**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ၎င်း၏အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ခဲ့သည်။

**ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးရုံးသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မော်စကိုမြို့၌ ကျင်းပမည့် နှစ် (၈၀) ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား၌ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် လုံခြုံရေးဖိုရမ်များ၌ မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးစဉ်။



**ချီးမြှင့်အပ်နှင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့၊ စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့ အိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့အိမ်တော်သို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် တာဝန်ရှိသူများ ရုရှားအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်မှုအတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိက လုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခု ဖြစ်ပါကြောင်းနှင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုသည် (၇၇)နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက် ရှိကြောင်းနှင့် မိမိနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ချစ်ခင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနှင့် ဂြိုဟ်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးများ လည်ပတ်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**☆ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်များသည် ဒူးမားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပရာ ဒူးမားလွှတ်တော်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု အခြေအနေများ၊ လွှတ်တော်၏ဖွဲ့စည်းထားရှိမှုနှင့် ပါတီများ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား လွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားနိုင်ငံအနေဖြင့် ထောက်ခံအားပေးသွားမည့် အခြေအနေများ၊ ပြည်ပမှအကူအညီများရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့် အခြေအနေများ၊ မြန်မာနိုင်ငံ လွှတ်တော်များအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော် နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားနိုင်ငံအနေဖြင့် ထောက်ခံအားပေးသွားမည့် အခြေအနေများ၊ ပြည်ပမှအကူအညီများရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကိုထိခိုက်စေသည့် အခြေအနေများ၊ မြန်မာနိုင်ငံလွှတ်တော်များ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin က ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေး

**လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

နေပြည်တော် မတ် ၄

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် ရုရှားဖက်ဒရယ်ကောင်စီ လွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြရာ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်အား ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက ဖက်ဒရယ်ကောင်စီ လွှတ်တော်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

ဆက်လက်၍ ဖက်ဒရယ်ကောင်စီလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်၌ လွှတ်တော်နှစ်ရပ်အကြားဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဖက်ဒရယ်ကောင်စီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



ရန်ကုန် မတ် ၄

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ) နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက် အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက အစားထိုး ရွေးချယ်ခံတော်မူရသည့် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်းလျှောက်ထားပြီး အစည်းအဝေးသဘာပတိဆရာတော်က အတည်ပြုချက်ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။



မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိဥက္ကဋ္ဌဆရာတော်ကြီးက နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၏ အမည်စာရင်းကို ဖတ်ကြား တင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယ အဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၂၆ ပါးတို့အား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် ပညာရေးဗဟိုအဖွဲ့ ဆရာတော် ၂၃ ပါးတို့အား အသိအမှတ်ပြုလွှာများကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသော ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် နှင့် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် တို့အား ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကိုလည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် အစားထိုး ရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ ဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်း ဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတို့မှ ကိုယ်စားလှယ် တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး "သာဓု" သုံးကြိမ်ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၉၂)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၉၂)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

**လက်ခံရယူ**

ဦးစွာ အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးကျော်ဇေယျနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၃၀၉ ဦးက ခြောက်ကျပ်သား ရွှေပြား ၂၁ ချပ် နှင့် တစ်ကျပ်သား ရွှေပြား ၃၅၃ ချပ် စုစုပေါင်းရွှေစင် ရွှေပြား အချပ် ၃၇၄ ချပ်အား လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၃၇ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ၃၈၀၁၇၉၀၄၈၀ ကျပ်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နှင့် ဗထူး၊ ရပ်စောက်မြို့ ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်နယ်ရိပ်သာတွင် တပ်နယ်မှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပင်းတယမြို့နှင့် ဗထူး၊ ရပ်စောက်မြို့ ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းများ တည်ထောင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပင်းတယမြို့နှင့် ဗထူး၊ ရပ်စောက်မြို့ ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ သစ်စေ့ဘောလုံးကြဲချခြင်း၊ သစ်စေ့စူးထိုးစိုက်ခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မိုးရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရေး၊ ပွင့်လင်းရာသီတွင် ဖြစ်ပေါ်လေ့ရှိသည့် Fire Hotspots လျော့နည်းစေရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ပပျောက်စေရေးအတွက် အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းများ တည်ထောင်ရေးနှင့် လုပ်ငန်းစဉ်များ အချိန်မီပြီးစီးရေးအတွက် ဝန်ကြီးဌာနနှင့် ပြည်နယ်အတွင်းရှိ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက သစ်တောစိုက်ခင်းတည်ထောင်ရန် မြေနေရာရွေးချယ်ထားမှုနှင့် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗထူးတပ်နယ်ပတ်ဝန်းကျင်ရှိ သစ်တောစိုက်ခင်းတည်ထောင်ရန် ရွေးချယ်ထားသော မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရပ်စောက်မြို့နယ်ရှိ မွေတော်သစ်ဆိပ်သို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများက သစ်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၃) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၄

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယစာရင်းစစ်ချုပ်က ယခုသင်တန်းသည် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုမည့်သူများအတွက် အခြေခံကောင်းများ ရရှိစေမည့်အပြင် စာရင်းပညာရှင် (လက်မှတ်ရပြည်သူ့စာရင်းကိုင်-CPA)အဖြစ် ဆက်လက်လျှောက်လှမ်းနိုင်မည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ရှိ စာရင်းလုပ်ငန်း နယ်ပယ်များတွင် အားထားရသည့် စာရင်းကျွမ်းကျင်သူများအဖြစ် ပါဝင်ဆောင်ရွက်နိုင်စေရေး၊ လက်တွေ့ဘဝအသက်မွေးမှုတွင် ပြန်လည်အသုံးချနိုင်စေရေးတို့အတွက် သင်ကြားပို့ချမှုများကို အလေးထား လေ့လာမှတ်သားကြရန်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်း ဆောင်ရွက်နိုင်စေရေးအတွက် စာရင်းပညာဆိုင်ရာ၊ နည်းပညာဆိုင်ရာ အသစ်ဖြစ်ပေါ်တိုးတက်မှုများကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်နှင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်များသို့ တက်လှမ်းနိုင်သူများ ဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ရန်ကုန် သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော် သင်တန်းကျောင်းတွင် သင်တန်းသား ၂၅ ဦးနှင့် ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား၁၇ဦးစုစုပေါင်းသင်တန်းသား ၄၂ ဦးတို့ကို ဘာသာရပ်ခြောက်ခုဖြင့် ၁၀ လကြာ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ညောင်ဦးမြို့ အမှတ်(၇)ရပ်ကွက် ဝက်ကြီးအင်းရပ်ရှိ Rain စားသောက်ဆိုင်တွင် မတ် ၄ ရက် နံနက်ပိုင်းက ခရိုင်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးကျော်နိုင်လင်းနှင့် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စားသောက်ဆိုင်ဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

ဒီပါလင်း

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၄

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ပြည်တွင်းအခြေစိုက်နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီရုံး၌ မတ် ၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်က ကောင်စီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံခြားသတင်းထောက်များ၏ မေးမြန်းချက်များကို သတင်းမီဒီယာကောင်စီဝင်များက ဖြေကြား၍ သတင်းတု၊ သတင်းမှားများတိုက်ဖျက်ရေး၊ အပြုသဘောဆောင်သည့် သတင်းမှန်များကို ဖော်ပြနိုင်ရေးနှင့် သတင်းရယူမှု ပိုမိုအဆင်ပြေချောမွေ့စေရေး စသည့်အချက်များကို အချင်းချင်း ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ကောင်စီအတွင်းရေးမှူး ဦးအေးချမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီ၏ နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင်များ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့ရှိ သတင်းဌာန၊ သတင်းစာနှင့် ရုပ်မြင်သံကြားစသည့် သတင်းမီဒီယာများမှ ပြည်တွင်းအခြေစိုက် နိုင်ငံခြား သတင်းထောက်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၄**

ပညာရေးဝန်ကြီးဌာန (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပ၍ သုတေသနစာတမ်းများကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် မတ် ၉ ရက်မှ ၁၁ ရက်အထိ ဖတ်ကြားသွားမည်ဖြစ်သည်။

(၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံတွင် ဝိဇ္ဇာပညာရပ်ဆိုင်ရာ စာတမ်း ၁၁၉ စောင်နှင့် သိပ္ပံပညာရပ်ဆိုင်ရာ စာတမ်း ၁၅၅ စောင်တို့ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနှင့်သိပ္ပံခန်းမများတွင် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်ခန်းမတွင် စာတမ်း ၂၈ စောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာရေးစိတ်ပညာဆိုင်ရာ စာတမ်း ၇၀ စုစုပေါင်းစာတမ်း ၃၇၂ စောင်တို့ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန

(၂၄) ကြိမ်မြောက်ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ

Research and Innovation for Peace, Prosperity and Sustainability




၂၀၂၅ ခုနှစ်၊ မတ်လ (၉) ရက် မှ (၁၁) ရက် ထိ၊ ရန်ကုန်တက္ကသိုလ်

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အဖွဲ့သည်ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်း တိုင်းရင်းသားများ၏ ရိုးရာနေအိမ်များ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပင်မဝင်ပေါက်ဂိတ်တွင် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝင်္ကပါပတ်လမ်း ဆောင်ရွက်ပြီးစီးမှု၊ နန်းမြင့်မျှော်စင်၊ ဝန်ထမ်းအိမ်ရာ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးထိန်လင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၄**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်းသို့ ရောက်ရှိပြီး တိုင်းရုံးနှစ်ထပ် (၈၁ ပေ x ၅၇ ပေ x ၂၃ ပေ ) တည်ဆောက်နေမှု၊ ရန်ကုန်တိုင်းဒေသကြီး ဘီလီယက်နှင့်စနူကာ အားကစားခန်းမ၌ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

**မှာကြား**

ဆက်လက်၍ ပဒေသာ အားကစားကွင်းအတွင်းရှိ တိုင်းဒေသကြီး လက်ဝှေ့နှင့် အလေးမ လေ့ကျင့်ရေးရုံနှင့် မီတာ ၄၀၀ Synthetic ပြေးလမ်းပါ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ရောက်ရှိပြီး ရေကူးကန်စက်ခန်းနံရံပြုပြင်ခြင်း၊ Filter ပိုက်လိုင်းများ ရေဝင်ရေထွက်ကောင်းမွန်မှုနှင့် ရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှု အားပေး**

ထို့နောက် ဒုတိယဝန်ကြီးသည် အင်းယားလမ်းရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး နည်းပြများကိုတွေ့ဆုံ၍ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်များ ဆွတ်ခူးရရှိရေးနှင့် ယခင်အောင်မြင်မှုများထက် ပိုမိုအောင်မြင်မှုများရရှိရေး အထူး ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်အတွက် အားကစားကဏ္ဍ တိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီး၌ Artificial Intelligence (AI) နည်းပညာသင်တန်း ဖွင့်လှစ်

**မန္တလေး မတ် ၄**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် AI နည်းပညာကို ကဏ္ဍအလိုက် အကျိုးရှိမည့်နေရာများတွင်အသုံးချလျက်ရှိသကဲ့သို့ သတင်းတု၊ သတင်းမှားများ၊ Deep Fake Video များထုတ်လွှင့်ရာတွင်လည်း အသုံးပြုလာနေပြီဖြစ်ရာ AI နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဝန်ထမ်းတိုင်းက သိရှိနားလည်ထားကြစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Artificial Intelligence (AI) နည်းပညာသင်တန်းကို မတ် ၄ ရက် နံနက်ပိုင်းက မန္တလေး ပြည်ကြီးတံခွန်မြို့နယ် (၆၂) လမ်းရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချသည်။



Artificial Intelligence (AI) နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ယမင်းလှိုင်က Artificial Intelligence (AI) သင်တန်းတွင် ပါဝင်မည့် သင်ခန်းစာများအကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြက သင်တန်းကို ဆက်လက်ပို့ချသည်။

အဆိုပါသင်တန်းသို့ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူ၊ မန္တလေးမြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူး၊ ခတ်ပုံကျွမ်းကျင်နှင့် ရုပ်/သံ ကျွမ်းကျင်ဝန်ထမ်း စုစုပေါင်း ၃၅ ဦးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များမှ ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။ **မြင့်မော်ထွန်း(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

# ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို) ဖမ်းဆီးရမိ

နေပြည်တော် မတ် ၄

ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို)ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ တာမွေမြို့မရဲစခန်းမှ မူးယစ်တရားခံပြေး ဇော်မြတ်ထွန်းသည် ရှမ်းပြည်နယ်မှ ရန်ကုန်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်သွားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁ နာရီတွင် ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး(အမြန်လမ်း) မိုင်တိုင်အမှတ်(၃၉)တွင် သတင်းရရှိထားသည့် ALPHARD ယာဉ်နှင့်အတူ နေမျိုးထက်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်-မန္တလေး(အမြန်လမ်း) မိုင်တိုင်အမှတ်(၃၉/၄)အနီးရှိ ယာဉ်ရပ်နားဝင်းတွင် ရပ်တန့်ထားသည့် ALPHARD ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၄၄၀ ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဝမ်ဟိုင်းမှ ရန်ကုန်မြို့သို့ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ ကို ငွေကျပ်သိန်း ၁၀၅၀ ဖြင့် တာဝန်ခံသယ်ဆောင်ခဲ့သူ ဇော်မြတ်ထွန်း၊ ကျော်သူရစိုး၊ ကျော်သူဝင်းနှင့် စိုင်းအောင်သူရတင်တို့ကို မင်္ဂလာဒုံမြို့နယ်တွင် WISH ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ ဖော်ထုတ်ချက်အရ ရန်ကုန်မှ မြဝတီသို့ ပို့ဆောင်မည့် အိုက်စ်ကီလို ၂၆၀ နှင့် ဘိန်းဖြူ ဘလောက်တုံး ၁၆၈ ကီလိုအား လက်ခံထားရှိသူ အောင်ဇော်ဝင်းကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ကားဝင်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး မိတ္ထီလာမှ အမြန်လမ်း(၃၉)မိုင်သို့ မူးယစ်ဆေးဝါး သယ်ဆောင်ခဲ့သူ သူရိန်ထွန်း(ခ) သူရထွန်းကို ကမာရွတ်မြို့နယ်ရှိ ဟိုတယ်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ထက်နိုင်(ခ)ကိုကိုဝင်းသူကို ရပ်စောက်မြို့တွင်လည်းကောင်း၊ ရဲမြင့်သိန်းကို အောင်ပန်းမြို့တွင်လည်းကောင်း၊ အမြန်လမ်း(၃၉) မိုင်မှ ရန်ကုန်မြို့ အမှတ်(၇) လမ်းမကြီးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ပေးသူ ကိုကိုဝင်းကို ရေတာရှည်မြို့နယ်တွင် TOYOTA CROWN ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ရန်ကုန်မှ မြဝတီသို့မူးယစ်ဆေးဝါးများပို့ဆောင်သူ ရင်ပိုက်ဦး(ခ) ရန်ပိုင်(ခ)လွှမ်းပိုင်ကို ပုသိမ်မြို့၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်ခဲ့သည့် Grand Tiger Double Cab ယာဉ်အား မိတ္ထီလာမြို့နယ် အိုင့်ကျေးရွာတွင်လည်းကောင်း၊ TOYOTA HILUX SURF ယာဉ်အား မရမ်းကုန်းမြို့နယ်တွင်လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို)ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ပြစ်မှု ကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀၊ ဘိန်းဖြူ ဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို) ဖမ်းဆီးရမိ






## အမျိုးသားများကို စစ်မှုထမ်းတပ်သားများအဖြစ် စုဆောင်းနေခေါင်းစဉ်ဖြင့် မဟုတ်မမှန် ရေးသားဖော်ပြ

နေပြည်တော် မတ် ၄

ထိုင်းအစိုးရက ဖမ်းဆီးထားသော မြန်မာနိုင်ငံသား ၂၀၀ ကို စစ်ကောင်စီထံသို့ လွှဲပြောင်းပေးပြီး အမျိုးသားများကိုစစ်မှုထမ်းတပ်သားများအဖြစ် စစ်ကောင်စီက စုဆောင်းနေ ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် ဖေဖော်ဝါရီ ၂၅ ရက်က ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်။

ထို့အတူ Khit Thit Media အမည်ခံ Facebook Page သည် စစ်မှုထမ်းခေါ်ယူရာတွင် သန်းခေါင်စာရင်းကို အခြေခံခေါ်ယူသည့်စနစ်သို့ ပြောင်းလဲလိုက်ပြီး ပြည်ပရောက်မြန်မာများပါ စစ်မှုထမ်းရန် ဆင့်ခေါ်မည်၊ စစ်မှုထမ်းရန် ပျက်ကွက်ပါက အမည်ပျက်နှင့် ဝရမ်းထုတ်ခံရမည့် စာရင်းတွင် ထည့်သွင်းမည်ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီစိစစ်၍ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည်။ **သစ္စာ**

## ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်းမှ ဖမ်းဆီးနှိပ်စက်မှုကြောင့် အမျိုးသားနှစ်ဦးသေဆုံးခေါင်းစဉ်ဖြင့် လည်းကောင်း၊ တပ်တွင်းစည်းရုံးရေးပြိုကွဲနေခေါင်းစဉ်ဖြင့်လည်းကောင်း မဟုတ်မမှန်လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေ

နေပြည်တော် မတ် ၄

ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်းမှ ဖမ်းဆီးနှိပ်စက်မှုကြောင့် အမျိုးသားနှစ်ဦးသေဆုံးခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က Ayeyarwaddy Times အမည်ရှိ Facebook Page တွင် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပြီး တပ်ဖွဲ့နှင့်ပတ်သက်၍ တိကျစွာ တိုင်တန်းတင်ပြလာပါက စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကာ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိပါကလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းထားသည့်အတွက် Ayeyarwaddy Times အမည်ရှိ Facebook Page ၏ သတင်းရေးသား ဖော်ပြထားမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။

ထို့အတူ တပ်တွင်းစည်းရုံးရေးပြိုကွဲနေခေါင်းစဉ်ဖြင့် The Irrawaddy Burmese Edition အမည်ရှိ Facebook Page ကလည်း ဖေဖော်ဝါရီ ၂၅ ရက်က မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေခဲ့သည်ကိုတွေ့ရှိရပြီး အမှန်မှာ တပ်မတော်အတွင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့်အတွက် The Irrawaddy Burmese Edition အမည်ရှိ Facebook Page ၏ ဖော်ပြမှုသည် တပ်မတော်အတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

**လင်းလင်း**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

နေပြည်တော် မတ် ၄

မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ပြည်နှင်လွှဲပြောင်းရေး ကိစ္စရပ်များတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၉၈၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၈၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာနှင့် တရုတ်(တိုင်ပေ)တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ဆင်းကတ်ရောင်းချမှုစစ်ဆေးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ထားဝယ် မတ် ၄

တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ဆင်းကတ်ရောင်းချမှုစစ်ဆေးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က တရားမဝင်ဆင်းကတ်ရောင်းချမှု စစ်ဆေးရေးအဖွဲ့ကို တိုင်းဒေသကြီးအဆင့်အနေဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ခရိုင်/မြို့နယ်အဆင့် စစ်ဆေးရေးအဖွဲ့များ ဆက်လက်ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါတွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာတိုးတက်လာမှုကို အသုံးပြု၍ အွန်လိုင်းငွေကြေးလိမ်လည်မှုများ၊ E-Commerce ထိခိုက်စေရန် ပြုလုပ်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ၎င်းလုပ်ငန်းများအား မှတ်ပုံတင်ထားခြင်းမရှိသည့် တရားမဝင်ဆင်းကတ်များကို အသုံးပြုလုပ်ဆောင်နေခြင်းဖြစ်၍ တရားမဝင်ဆင်းကတ်ရောင်းချမှုနှင့် ပတ်သက်၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားမဝင်ဆင်းကတ်ရောင်းချမှုစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတေဇာအောင်နှင့် တက်ရောက်လာသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးလျက်ရှိသည့် ကုမ္ပဏီများနှင့် တာဝန်ရှိသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# စစ်ကိုင်းမြို့နယ်အတွင်း၌ လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများ လုပ်ဆောင်နေကြောင်း ပြည်သူများအထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၄

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နှင့် မန္တလေးမြို့သို့ ဆက်သွယ်ထားသည့် ရတနာပုံ မြစ်ကူးတံတားအနီးတွင် လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများ လုပ်ဆောင်နေကြောင်း အများပြည်သူ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ စစ်ကိုင်းမြို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့ရွာများတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့်အတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးအရ စစ်ဆေးခြင်းများ ဆောင်ရွက်လျက် ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဇေယျာသီရိမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ/ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများနှင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့်လမ်းများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းခွင်များကို ယနေ့မွန်းလွဲပိုင်းက အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေနှင့် တာဝန်ရှိသူများက လမ်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂမဟာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်



ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် သက်မွေးပညာသင်ကျောင်းများသို့ လျှပ်စစ်ဆက်သွယ်ရေး နည်းပညာဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်း



ရန်ကုန် မတ် ၄

နည်းပညာ ဆိုင်ရာများကို ကျောင်းသား ကျောင်းသားများ သင်ကြားသင်ယူရာတွင် ပိုမိုအထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် သက်မွေးပညာသင်ကျောင်းများသို့ လျှပ်စစ်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ပစ္စည်းများဖြစ်သည့် ရေဒီယိုပစ္စည်း ၇၅ စုံ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

**လက်ခံရယူ**

ပေးအပ်လှူဒါန်းပွဲတွင် တန်ဖိုးငွေကျပ် ၁၀၈ သိန်း တန်ဖိုးရှိ လျှပ်စစ်ဆက်သွယ်ရေးနည်းပညာဆိုင်ရာပစ္စည်းများ ဖြစ်သည့် ရေဒီယိုပစ္စည်း ၇၅ စုံကို V-Top Industries Myanmar Limited မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကိုယ်စား ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် သက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြောင်မြို့နယ်၌ ထောက်ပံ့ငွေများ ပေးအပ်

မြောင် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယမန်နေ့က ပေးအပ်သည်။

နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ရာတွင် မြောင်မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လူဦးရေ ၄၀၀ အတွက် ထောက်ပံ့ငွေကျပ် ၈၀၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ မြောင်မြို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူ စုစုပေါင်း ၁၂၀၀၀ ကျော်ရှိပြီး ယနေ့အထိ လူဦးရေ ၈၄၈ ဦးအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကာ ကျန်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



သာပေါင်းမြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးပြည့်စုံဟိန်း၊ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သာပေါင်းမြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် မီးသုံးစွဲမှုအား စနစ်တကျသုံးစွဲခြင်းရှိ၊ မရှိ လိုက်လံစစ်ဆေးစဉ်။ သာပေါင်း(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၃-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လူငယ်နှင့်အနာဂတ် နည်းပညာများ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

၂၁ ရာစုတွင် အေအိုင်(ဉာဏ်ရည်တု)ကဲ့သို့သော နည်းပညာအသစ်များ ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ လူငယ်များ၏တွေးခေါ်မှု ကွဲပြားခြားနားမှုသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်း ကဏ္ဍမှပါဝင်သည်။ လူငယ်များအနေဖြင့် နည်းပညာ အသစ်များနှင့် ထိတွေ့ဆက်ဆံပြီး အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင်များထံမှ သင်ယူရမည် ဖြစ်သည်။ ဤသို့ဖြင့် လူငယ်များသည် နည်းပညာ နယ်ပယ်တစ်ခုလုံးကို အားကောင်းစေမည့်လက်တွေ့ စမ်းသပ်မှုများနှင့် ပြဿနာဖြေရှင်းခြင်းတို့ကို စိတ်ဝင်စားလာမည်ဖြစ်သည်။

ဉာဏ်ရည်တုနည်းပညာ တိုးတက်လာမှုနှင့်အတူ စက်ရုပ်များသည် အခြေအနေသစ်များနှင့် လိုက်လျောညီထွေဖြစ်အောင် သင်ယူနိုင်ပြီး ပိုမို ထိရောက်အကျိုးရှိရန်နှင့် စွမ်းရည်ရှိအောင်လုပ်ဆောင် လာနိုင်ကြသည်။ စင်စစ်လူငယ်တို့သည် လူ့အဖွဲ့ အစည်း၏ အနာဂတ်ဖြစ်သည်။ မျိုးဆက်သစ် လူငယ်များသည် လူ့အဖွဲ့အစည်း၏ လက်ရှိအခြေ အနေကို အသစ်တစ်ဖန်ပြန်လည်ဆန်းသစ်ရန်နှင့် ထိန်းသိမ်းရန်လိုအပ်သည်။ လူငယ်များသည် လူမှုရေး ပြဿနာများကိုဖြေရှင်းရန် သူတို့၏ စိတ်ကူး စိတ်သန်းနှင့် စွမ်းအားကို ပံ့ပိုးကူညီပေးသောအခါ အရည်အချင်းရှိသော ခေါင်းဆောင်တစ်ဦးကဲ့သို့ ဖြစ်လာပြီး အခြားသူများ၏ဘဝများကို နားလည် သဘောပေါက်လာမည်ဖြစ်သည်။

အနာဂတ်ကို မြော်တွေးကြည့်လျှင် နည်းပညာ များ တိုးတက်လာမှုနှင့်အညီ လူသားများသည် ပိုမိုအသက်ရှည်လာမည်ဖြစ်သည်။ လူသားတို့၏ အသိဉာဏ်နှင့် တွေးခေါ်နှုန်းက ကွန်ပျူတာများ၏ စွမ်းရည်ကို ပိုမိုအသုံးချလာမည်ဖြစ်သည်။ စမတ် နည်းပညာ (Smart Technology) တိုးတက်ဖြစ်ပေါ် လာမှုနှင့်အတူ ဗီဒီယိုလက်ပတ်နာရီများသည် သုံးစွဲသူများအား နေရာတိုင်းတွင် မည်သူနှင့်မဆို တွေ့မြင်စကားပြောဆိုနိုင်မည်ဖြစ်သည်။

ကျန်းမာသန်စွမ်းသော လူငယ်တစ်ဦးတွင် အရည်အချင်း ငါးမျိုးရှိသည်။ ၎င်းတို့မှာ အကောင်း မြင်စိတ်၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချ နိုင်မှု၊ ကိုယ်ကျင့်တရားဆိုင်ရာ ယုံကြည်မှုနှင့် လူမှု ဆက်ဆံရေးကို လိုလားမှုတို့ဖြစ်သည်။ **"လူငယ်သည် ကျွန်ုပ်တို့အနာဂတ်၏ မျှော်လင့်ချက်ဖြစ်သည်"**ဟု ဖိလစ်ပိုင်အမျိုးသားရေးဝါဒီ Jose Rizal က ဆိုခဲ့ သည်။ သူသည် စပိန် ကိုလိုနီပြုခြင်းကို ဆန့်ကျင်သည့် ဖိလစ်ပိုင်တော်လှန်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ လူငယ်များသည် အပြောင်းအလဲ အတွက် တွန်းအားပေးသူများဖြစ်သကဲ့သို့ လူမှုမီဒီယာနှင့် နည်းပညာဆန်းသစ်မှုများတွင် ပိုမိုစိတ်ဝင်စားလာကြသည်။ လူမှုအဖွဲ့အစည်းတွင် လူငယ်များ၏ကောင်းမွန်သော အရည်အသွေးများကို တိုးတက်စေရန် အထောက်အကူပြုရန် လိုအပ်သည်။ လူနေမှုအဆင့်အတန်းနှင့် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်တို့၏ စွမ်းပကားကို ထိရောက်စွာ အသုံးချနိုင် ရန် လွန်စွာအရေးကြီးသည်။

အနာဂတ် နည်းပညာတိုးတက်လာမှုသည် လူငယ်တို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်သည်။ ပညာရေးနယ်ပယ်ကို လေ့လာကြည့်လျှင် အွန်လိုင်း သင်ကြားရေး ပလက်ဖောင်းများသည် ဝေးလံခေါင်သီ သောဒေသများရှိ လူငယ်များအတွက် ပညာသင်ကြား ရေးကို ပြောင်းလဲပေးနိုင်သည်။ လူငယ်များအနေဖြင့် နည်းပညာတိုးတက်မှုကို အသုံးချနိုင်လျှင် စွန့်ဦး တီထွင်အခွင့်အလမ်းများကို တွေ့ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်နည်းပညာများသည် လူငယ် တို့၏ ဆန်းသစ်ဖန်တီးမှုကို မြှင့်တင်ပေးနိုင်သည်။

> **❛ အနာဂတ်နည်းပညာတိုးတက်လာမှုသည် လူငယ်တို့၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်သည်။ ပညာရေးနယ်ပယ်ကို လေ့လာကြည့်လျှင် အွန်လိုင်းသင်ကြားရေးပလက်ဖောင်းများသည် ဝေးလံခေါင်သီသောဒေသများရှိ လူငယ်များအတွက် ပညာသင်ကြားရေးကို ပြောင်းလဲပေးနိုင်သည်။ လူငယ်များအနေဖြင့် နည်းပညာတိုးတက်မှုကို အသုံးချနိုင်လျှင် စွန့်ဦးတီထွင် အခွင့်အလမ်းများကို တွေ့ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်နည်းပညာများသည် လူငယ်တို့၏ ဆန်းသစ်ဖန်တီးမှုကို မြှင့်တင်ပေးနိုင်သည်။ အရင်းအနှီး အနည်းငယ်ဖြင့် စီးပွားရေးလုပ်ငန်းငယ်များကို စတင်နိုင်မည်ဖြစ် ❜**

အရင်းအနှီးအနည်းငယ်ဖြင့် စီးပွားရေးလုပ်ငန်းငယ် များကို စတင်နိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နည်းပညာ၏ အခန်း ကဏ္ဍသည် အရေးပါလာသည်။ အနာဂတ်နည်းပညာ များသည် အလွှာပေါင်းစုံမှလူများအား မတူညီသော အရင်းအမြစ်များကို လက်လှမ်းမီနိုင်စေခဲ့သည်။ ထို့ပြင် နည်းပညာသည် လူငယ်တို့၏ဘဝအရည် အသွေးကို မြှင့်တင်ပေးသည်။ အခြားနည်းများဖြင့် လက်လှမ်းမမီနိုင်သော အခွင့်အလမ်းများရရှိစေရန် ကူညီပံ့ပိုးပေးသည်။ နည်းပညာသည် လူငယ်တို့အား ပြိုင်ဘက်ကင်းသော အဆင်ပြေမှု၊ ထိရောက်မှုနှင့် ချိတ်ဆက်မှုတို့ကို ပေးစွမ်းသည်။ အလုပ်များကို ပိုမိုလွယ်ကူစွာ လုပ်ဆောင်နိုင်စေသည်။ ကျယ်ပြော လှသော အကွာအဝေးများကို နည်းပညာဖြင့် ဆက်သွယ်နိုင်ပြီး သတင်းအချက်အလက်များ ရယူ သုံးစွဲနိုင်သည်။ လူငယ်တို့၏ ပညာရေးတွင် အနာဂတ် နည်းပညာက များစွာအသုံးဝင်လာသည်။ မှန်ကန်စွာ သုံးတတ်ရန်သာ အရေးကြီးသည်။

အနာဂတ်နည်းပညာများ ပေါ်ထွန်းလာချိန်တွင် ခေတ်မီနည်းပညာများတွင် ဒစ်ဂျစ်တယ်နည်းပညာ သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အင်တာနက် ကို ကောင်းမွန်စွာအသုံးပြုခြင်းသည် တီထွင်ဖန်တီးမှု ရှိသော တွေးခေါ်နိုင်စွမ်းနှင့် လူမှုဆက်ဆံရေးအပေါ် တွေးခေါ်နိုင်စွမ်းကို တိုးတက်စေသည်။ လူမှုမီဒီယာ သည် လူအချင်းချင်းဆက်သွယ်မှု၊ အချက်အလက်များ ရရှိနိုင်မှုနှင့် အပြုသဘောဆောင်သော စိတ်ခံစားမှုကို ပံ့ပိုးပေးသည်။ လူမှုမီဒီယာမှတစ်ဆင့် လူမှုဆက်ဆံရေး အရည်အသွေးနှင့်လူမှုရေးအရ ပံ့ပိုးကူညီချိတ်ဆက်မှု များကို တိုးမြှင့်ရရှိစေသည်။

၂၀၃၀ ပြည့်နှစ်တွင် ထွန်းသစ်စအနာဂတ် နည်းပညာများဖြစ်သည့် ဉာဏ်ရည်တုနည်းပညာနှင့် ကွမ်တမ်ကွန်ပျူတာ(Quantum Computing) တို့က တစ်ကမ္ဘာလုံးတွင် အလုပ်အကိုင်ပေါင်း တစ်သန်းကျော် ကို ဖန်တီးရန် အဆင်သင့်ဖြစ်နေပြီဟု သိရသည်။ ယခု အခါ အလိုအလျောက်စနစ် (Automation) သည် စက်မှုလုပ်ငန်းများစွာကို ပြောင်းလဲနေပြီဖြစ်သည်။ သို့ရာတွင် ၂၀၂၅ ခုနှစ်၌ Hyper–Automation (ဟိုက်ပါအော်တိုမေးရှင်း) သည် အဆင့်သစ်တစ်ခုသို့ မြှင့်တင်သွားမည်ဟု ဆိုကြသည်။ လက်ရှိဆောင်ရွက် နေကြသော အလိုအလျောက်စနစ်သည် ထပ်ခါ တလဲလဲ လုပ်ဆောင်စရာများကို ကိုင်တွယ်ဆောင် ရွက်နေရသည်။ သို့သော် Hyper– Automation ကမူ AI နည်းပညာ၊ စက်များကို လေ့လာသင်ယူမှုနှင့် စက်ရုပ်များ (Robots) ကို ပေါင်းစပ်ပြီး နယ်ပယ် အသီးသီးရှိ ရှုပ်ထွေးသောလုပ်ငန်းစဉ်များကို အလို အလျောက် လုပ်ဆောင်သွားမည်ဖြစ်သည်။

ဒစ်ဂျစ်တယ်အက်ပလီကေးရှင်းများ အသုံးပြုခြင်း ဖြင့် ဆယ်ကျော်သက်လူငယ်များနှင့် သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များအပေါ် လူမှုဆက်ဆံရေးတွင် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ အနာဂတ် နည်းပညာသည် လူငယ်များအပေါ် အပြုသဘော ဆောင်သော သက်ရောက်မှုများရှိသည်။ ပြဿနာ ဖြေရှင်းနိုင်စွမ်းအသစ်များကိုလေ့လာနိုင်ပြီး လူငယ် တို့၏ သင်ယူဆည်းပူးမှုကို မြှင့်တင်ဖန်တီးပေးသည်။ ထို့ပြင် တီထွင်ဖန်တီးလိုစိတ်ကို အားပေးသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာကို အကျိုးရှိရှိအသုံးချနိုင်လျှင် ဦးနှောက်ဖွံ့ဖြိုးမှု၊ သိမြင်မှု ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့်စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ကျန်းမာရေးနှင့် သုခ ချမ်းသာအပေါ် အပြုသဘောဆောင်သော အကျိုး သက်ရောက်မှုများ ရရှိလာမည်ဖြစ်သည်။

နည်းပညာနှင့်ဆက်နွှယ်ပြီး လူငယ်တို့၏ တွေးခေါ်မှုသည် လူ့အဖွဲ့အစည်းကို ထောက်ကူသော ဥပမာတစ်ခုကို တင်ပြလိုပါသည်။ လက်ဘနွန်နိုင်ငံ တွင် အသက် ၂၃ နှစ်အရွယ် လျှပ်စစ်နှင့်ကွန်ပျူတာ အင်ဂျင်နီယာ Khalid သည် Recleb– Recyle the Smart Way အမည်ရှိ ပရောဂျက်တစ်ခုကို တီထွင်ခဲ့ သည်။

Recleb သည် နေထိုင်သူများအား ၎င်းတို့၏ အမှိုက်များကို မိုဘိုင်းလ်ဝက်ဘ်ပလက်ဖောင်းတစ်ခုမှ တစ်ဆင့် ခွဲခြားသတ်မှတ်ပေးကာ ရပ်ရွာနှင့်လူငယ် များအတွက် ကျန်းမာသောပတ်ဝန်းကျင်များကြား တွင် စိမ်းလန်းသောတွေးခေါ်မှု (Green Thinking) ကို မြှင့်တင်ပေးသည်။

နည်းပညာတိုးတက်မှု အခန်းကဏ္ဍတွင် ရိုဘော့ စက်ရုပ်များသည် တစ်ထောင့်တစ်နေရာမှ ပါဝင်လာ ပြီဖြစ်သည်။ ထင်ရှားသော ဥပမာတစ်ခုမှာ တူနီးရှားရှိ အသက် ၂၅ နှစ်အရွယ် ဗိသုကာပညာရှင်နှင့် တက္ကသိုလ် ပါမောက္ခ မွန်တာဆာက Badia စက်ရုပ်ကို တီထွင်ခဲ့ ခြင်းဖြစ်သည်။ Badia သည် အစိုးရအာဏာပိုင်များနှင့် နိုင်ငံသားများအကြား ဆက်သွယ်ရေးကွာဟချက်ကို ကျဉ်းမြောင်းသွားစေရန် ဒီဇိုင်းထုတ်ထားသည့် စာတိုပေးပို့သည့် စက်ရုပ်ကိုတီထွင်ခဲ့သည်။ သူ၏ စွန့်ဦးတီထွင်မှုသည် သူ၏မွေးရာဇာတိ Sidi Bouzid တွင် နိုင်ငံသားပါဝင်မှုနည်းပါးခြင်းကို ဖြေရှင်းရန် အတွက် ဆန်းသစ်သော အဖြေတစ်ခုကို တီထွင်ဖန်တီး ခဲ့သည်။ Chatbot သည် သတင်းအချက်အလက် စီးဆင်းမှုနှင့် နိုင်ငံသားပါဝင်မှုကို မြှင့်တင်ပေးသော ဒေသဆိုင်ရာ ဘတ်ဂျက်နှင့်ပတ်သက်သော ပြဿနာ များအတွက် နေထိုင်သူများထံမှ မေးခွန်းများကို ဖြေကြားခဲ့သည်။

ထို့ကြောင့် အနာဂတ်နည်းပညာများသည် လူငယ် များအား ဆန်းသစ်တီထွင်လိုသော တံခါးများကို ဖွင့်ပေးလိုက်သည်။ ထို့ပြင် အနာဂတ်နည်းပညာ များသည် များပြားလှသော သတင်းအချက်အလက် များ ရယူသုံးစွဲနိုင်မှုကို မြှင့်တင်ပေးရန် ကူညီလာမည် ဖြစ်သည်။ ယနေ့လူငယ်များသည် နည်းပညာကို ပညာရေးတွင်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် မှန်ကန်စွာအသုံးချနိုင်ပြီး ဆန်းသစ်တီထွင်ဖန်တီးမှု များ ပြုလုပ်နိုင်ရန် တင်ပြလိုက်ပါသည်။

---

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

**မာတင်ဖဲ**




ဆရာဝန်က အတော်လေး သမီးရဲ့ အိပ်ခန်းထဲကို စိုးရိမ်တကြီး အပြင်မှာ စောင့် ပြီးတဲ့အခါ သူက ပြန်ထွက် နေထိုင်မကောင်းဖြစ်နေတဲ့ အမျိုး ဝင်သွားလိုက်တုန်း သူမရဲ့လင်သားဟာ နေတယ်။ မိနစ် အတော်လေးကြာသွား လာပြီး ခွားတစ်ချောင်းတောင်းတယ်။ နောက် နည်းနည်းကြာသွားပြန်တော့ သူက တူတစ်ချောင်းတောင်းတယ်။ အဲဒီနောက် သူက အခန်းထဲ ပြန်ဝင်သွားတယ်။ အဲဒါနဲ့အတူ ထုသံနှက်သံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။

သူ တတိယအကြိမ် ပြန်ထွက်လာတော့ သူက ပြောတယ်။ "ကျွန်တော် စိတ်မကောင်းဘူး ဒါပေမဲ့ တူရွင်းတစ်ချောင်းတော့ လိုတယ်ဗျာ"

ဒီတော့ ခင်ပွန်းက မေးရတော့တယ်။ "နေစမ်းပါဦးဗျာ ကျွန်တော့်ဇနီးက ဘာတွေ ဒါလောက်တောင် အမှားအယွင်း ဖြစ်နေလို့လဲဗျ"

ဆရာဝန်က ပြန်ဖြေလိုက်တယ်။ "ဒါတော့ ကျုပ်မသိဘူး။ ကျုပ်အိတ်ကို ကျုပ်ဖွင့်လို့ကို မရနိုင် ဖြစ်နေတယ်ဗျ"




ဖောက်သည်– "ဟေ့ စားပွဲထိုး ငါ့စွပ်ပြုတ်ထဲမှာ ဟောဒီယင်ကောင်က ဘာလုပ်နေတာ လဲဟ"
စားပွဲထိုး –"အဲဒါ နောက်ပြန်ကူးနည်းပဲလို့ ကျွန်တော် ယုံကြည်မိပါတယ် ဆရာ"



# တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး ကြိုးပမ်းဆောင်ရွက်မည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား



အစ္စလာမ်မာဘတ် မတ် ၄

ပါကစ္စတန်နိုင်ငံ၏ ဂေဟစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အောင်မြင်စေရေးအတွက် တန်ဖိုးရှိသည့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

လူသားနှင့် သဘာဝတရားတို့ဆက်သွယ်မှု၏ အရေးပါပုံကို ၎င်းကမီးမောင်းထိုးပြခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် သဘာဝတရားကပေးအပ်ထားသည့် ဆွဲဆောင်နိုင်သော ဇီဝမျိုးစုံမျိုးကွဲများတည်ရှိနေသောကြောင့် ၎င်းတို့ကို ထိန်းသိမ်းရမည့်တာဝန်မှာ အမျိုးသားရေးတာဝန်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်းဟိမဝန္တာဒေသရှိ နှင်းကျားသစ်၊ အိန္ဒုမြစ်မှ လင်းပိုင်နှင့် အာရေးဗျပင်လယ်မှ ဝေလငါးစသည့် ရှားပါးတိရစ္ဆာန်များ ရှိနေကြောင်းနှင့် ၎င်းတိရစ္ဆာန်များသည် အမျိုးသားရေးဆိုင်ရာ အမွေအနှစ်များအဖြစ် သာမက နိုင်ငံ၏ဂေဟစနစ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကူအညီပေးနေကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့လူသားတစ်ရပ်လုံးနှင့် ကမ္ဘာကြီး၏ ကောင်းကျိုးအတွက် ဆောင်ရွက်သည့် အစိမ်းရောင် ပါကစ္စတန်စီမံကိန်းဖြင့် နိုင်ငံသားများအတွက် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိစေရေး ဆောင်ရွက်နေပြီး ဆင်စွယ်ဖြတ်တောက်ခြင်းကဲ့သို့သော လုပ်ငန်းများနှင့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာနေရာများကိုဖျက်ဆီးသည့်လုပ်ငန်းများကို တားဆီးနေကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ဂါဇာဒေသအား အစ္စရေးက ပိတ်ဆို့ခဲ့ခြင်းကြောင့် ဒေသခံများ အငတ်ဘေးဆိုက်ရောက်

ဂျေရုဆလင် မတ် ၄

ဂါဇာဒေသအား အစ္စရေးက အဆက်မပြတ်ပိတ်ဆို့ခဲ့ခြင်းကြောင့် ဒေသခံများ အငတ်ဘေးဆိုက်ရောက်နေကြောင်း ဂါဇာဒေသရှိ မီဒီယာရုံးက ယနေ့ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့များ၏ အစားအစာနှင့် ဆေးဝါးဝင်ရောက်ခွင့် ပိတ်ပင်ခြင်းကြောင့် ဒေသခံ ၂ ဒသမ ၄ သန်းခန့် ထိခိုက်နေကြောင်း အဆိုပါရုံးက ပြောကြားသည်။

အစားအစာနှင့် ဆေးဝါးမရရှိခြင်းကြောင့် ဒေသခံများသေဆုံးနေပြီး လောင်စာဆီပြတ်တောက်မှုကြောင့် ဆေးရုံများလုပ်ငန်းမဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဆောင်းရာသီအေးချမ်းခြင်းအောက်တွင် ဒေသခံ ၁ ဒသမ ၅ သန်းသည် အိမ်ခြေမဲ့ခြင်းနှင့် ရေ၊ အစားအစာများပြတ်တောက်နေခြင်းကို ခံစားနေရပြီး သန့်ရှင်းမှုမရှိခြင်းကြောင့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလျက်ရှိသည်။

အစ္စရေး၏ ပိတ်ဆို့မှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ဒေသခံများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်ဆောင်ရွက်ရန်အတွက် ဂါဇာဒေသအား စစ်မဲ့ဇုန်အဖြစ်ပြောင်းလဲရမည်ဟု အစ္စရေးပြောကြား

ဂျေရုဆလင် မတ် ၄

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်သို့ တက်လှမ်းရေးအတွက် ဂါဇာဒေသအား စစ်မဲ့ဇုန်အဖြစ်ပြောင်းလဲရေးနှင့် ဂါဇာဒေသအား ဟားမတ်စ်အဖွဲ့ အုပ်ချုပ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် လိုအပ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒွန်ဆာက ယနေ့ပြောကြားသည်။



အထက်ပါအချက်များအပြင် ဓားစာခံများကို မိမိတို့ထံ လွှဲအပ်မည်ဆိုပါက အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပစ္စည်းများ ဝင်ရောက်ခွင့်ပိတ်ပင်ခြင်းမှာ ယင်းပစ္စည်းများသည် ဟားမတ်စ်၏ ဝင်ငွေကို ဖြည့်ဆည်းပေးနေသည့် အရင်းအမြစ်များဖြစ်နေခြင်းကြောင့် ဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာလေကြောင်းလိုင်းနှစ်ခု ထပ်မံတိုးချဲ့ပြေးဆွဲမည်

ဖနောင်ပင် မတ် ၄

ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာလေကြောင်းလိုင်းနှစ်ခု ထပ်မံတိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟွန်မာနက်က ယနေ့ပြောကြားသည်။

ယခုနှစ်နှစ်လယ်ပိုင်းတွင် အန်းမရိတ်လေကြောင်းလိုင်းသည် အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမှ ကမ္ဘောဒီးယားနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ ပြည်နယ်ဖြစ်သည့် ဆီရမ်ယိသို့ပြေးဆွဲမည်ဖြစ်ကာ တူကီယဲလေကြောင်းလိုင်းသည် အစ္စတန်ဘူလ်မှ ဖနောင်ပင်သို့ ယခုနှစ်ကုန်ပိုင်းတွင် ပြေးဆွဲမည်ဖြစ်သည်။

အန်းမရိတ်လေကြောင်းလိုင်းသည် ဇွန် ၃ ရက်တွင် ဒူဘိုင်းမှ ဆီရမ်ယိခရီးစဉ်ကို ပြေးဆွဲမည်ဖြစ်ပြီး တူကီယဲလေကြောင်းလိုင်းသည် အစ္စတန်ဘူလ်မှ ဖနောင်ပင်ခရီးစဉ်ကို ဒီဇင်ဘာ ၁၀ ရက်တွင် ပြေးဆွဲမည်ဖြစ်သည်။

ယမန်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ လေကြောင်းလုပ်ငန်းသည် သိသာထင်ရှားသည့်အောင်မြင်မှုများရရှိခဲ့ကြောင်း ဟွန်မာနက်က ပြောကြားသည်။ ယမန်နှစ်အတွင်း နိုင်ငံတကာခရီးစဉ် ၅၈၃၅၄ ခုနှင့် ပြည်တွင်းခရီးစဉ် ၃၁ ခု ပြေးဆွဲခဲ့ပြီး လေကြောင်းခရီးသည် ၆ ဒသမ ၂၄ သန်းရှိခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံနှင့် ဒေသ ၁၂ ခုသို့ တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရပ်ဆိုင်းခဲ့သည့် အစ္စရေး၏ဆုံးဖြတ်ချက်ကို ရှုတ်ချကြောင်း တူကီယဲပြောကြား

အန်ကာရာ မတ် ၄

ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရပ်ဆိုင်းခဲ့သည့် အစ္စရေး၏ ဆုံးဖြတ်ချက်ကို ရှုတ်ချကြောင်းတူကီယဲနိုင်ငံက ယမန်နေ့တွင် ပြောကြားသည်။

၎င်းဆောင်ရွက်ချက်သည် ပါလက်စတိုင်းများအား တစ်ဖက်သတ်အပြစ်ပေးခြင်းဖြစ်ကာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်သဖြင့် ရှုတ်ချကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းဆောင်ရွက်ချက်သည် ဂါဇာဒေသတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် သံတမန် နည်းလမ်းဖြင့်ဆောင်ရွက်နေခြင်းကို နှောင့်ယှက်ရာရောက်ပြီး အပြစ်မဲ့ဒေသခံများအား လျစ်လျူရှုရာရောက်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။ ဂါဇာဒေသသို့ နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ရန် နိုင်ငံတကာအား တူကီယဲနိုင်ငံက ပန်ကြားခဲ့ပြီး အစ္စရေးနိုင်ငံကိုလည်း ၎င်းအကူအညီများ ဂါဇာဒေသသို့ ပြန်လည်ရောက်ရှိရေး ဆောင်ရွက်ပေးရန် ပန်ကြားခဲ့သည်။

ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ပိတ်ပင်ခြင်းသည် ဟားမတ်စ်အဖွဲ့အား အပစ်အခတ်ရပ်စဲရေး ထပ်မံဆောင်ရွက်ရန် တွန်းအားပေးခြင်းဖြစ်သည်ဟု နေတန်ယာဟုက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ



# အင်ဒိုနီးရှားနိုင်ငံ၌ စွမ်းအင်ဆိုင်ရာစီမံကိန်း ၂၁ ခု ဆောင်ရွက်မည်

ဂျကာတာ မတ် ၄

အင်ဒိုနီးရှားနိုင်ငံ၌ တန်ကြေး အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံရှိသည့် စွမ်းအင်ဆိုင်ရာစီမံကိန်း ၂၁ ခုကို စွမ်းအင်စီမံချက် ပထမအဆင့်အနေဖြင့် ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဆိုင်ရာဝန်ကြီး ဗာလေး လာဟာဒါလီယာက ပြောကြားသည်။

သမ္မတပရာဘိုဝို ဆူဘီရန်တိုနှင့် ဝန်ကြီးများအကြား အစည်းအဝေးကျင်းပပြီးနောက် ယခုကြေညာချက် ထုတ်ပြန်ခြင်းဖြစ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများအကြား အသေးစိတ်ဆွေးနွေးခဲ့ကြပြီး စီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရန်ပုံငွေကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုဆောင်ရွက်မည့် စီမံကိန်းများတွင် ကြေးနီ၊ ကျောက်မီးသွေး၊ ရေနံ၊ စားအုန်းဆီကြမ်း၊ သံဖြူနှင့် ရော်ဘာလုပ်ငန်းများ ပါဝင်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲအဖြစ် ရှမ်းယူနိုက်တက်အသင်း အဝေးကွင်း စတင်ကစားရမည်

ရန်ကုန် မတ် ၄

၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၅ ရက်နှင့် ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း စတင်ကစားရမည်ဖြစ်သည်။

**ကွာတားဖိုင်နယ် တက်ရောက်**

ယင်းပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး ကွာတားဖိုင်နယ် အရှေ့အာရှဇုန်အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်း၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းနှင့် အင်ဒိုနီးရှားကလပ် မာဒူရာယူနိုက်တက်အသင်း၊ အနောက်အာရှဇုန်အဖြစ် ကူဝိတ်ကလပ် အယ်လ်အာရာဘီအသင်းနှင့် အိုမန်ကလပ် အယ်လ်ဆီ၊ အိန္ဒိယကလပ် အရှေ့ဘင်ဂေါ အသင်းနှင့် တာ့ခ်မင်နစ္စတန်ကလပ် အာကာဒက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ကွာတားဖိုင်နယ် ပထမအကျော့ကို မတ် ၆ ရက်တွင် အဝေးကွင်း ကစားရမည်ဖြစ်ပြီး ဒုတိယအကျော့ကို မတ် ၁၃ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (D)၌ ပါဝင်ခဲ့ပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။



၂၀၂၄-၂၀၂၅ MNL ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ရှမ်းယူနိုက်တက်အသင်း။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် စံချိန်တင်အောင်မြင်မှုများဖြင့် ချန်ပီယံဆုရရှိပြီးနောက် ရက်ပိုင်းအကြာမှာပင် နိုင်ငံတကာပြိုင်ပွဲအဖြစ် AFC Challenge League ကွာတားဖိုင်နယ် ကစားရခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

---

**★ ကျောဖုံးမှ**

ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့် ဘောလုံးသမားများ၊ ဘောလုံး အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

**ဘောလုံးပြိုင်ပွဲကိုဖွင့်လှစ်**

ဦးစွာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ဘောလုံးပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဘောလုံး အားကစားဝါသနာရှင်ပြည်သူများသည် ပွဲဦးထွက်ပွဲစဉ်အဖြစ်VIKA FC အသင်းနှင့် MANDALAR HEROS FC အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးရာ ယင်းပွဲစဉ်အပြီးတွင် နှစ်သင်းစလုံး တစ်ဖက်နှင့်တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲအုပ်စု(က)တွင်VIKA. FC အသင်း၊ GLORY FC အသင်း၊AD 90 FCအသင်းနှင့်MANDALAR HEROS FC အသင်း၊ အုပ်စု(ခ)တွင် GURKHA. FC အသင်း၊ HYPE FC အသင်း၊ GOLDEN WAVE FC အသင်းနှင့် PAKASA FC အသင်းတို့ ပါဝင်ကြပြီး ဗထူးအားကစားကွင်းနှင့် အောင်မြေမန္တလာ အားကစားကွင်းတို့တွင် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်းသိရသည်။

**တင်မောင်(မန္တလေး)**

---

**☆ UFC မှ**

ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၁၄ ပွဲ ထိုးသတ်ထားရာတွင် ၁၂ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး ရူအီတီဆုရူရာမှာမူ ၁၀ ပွဲ ထိုးသတ်ရာတွင် ၁၀ ပွဲစလုံး အနိုင်ရထားသည်။

ဂျိုရှုအာဗန်သည် ယခုနှစ်အတွင်း ပထမဆုံးပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး ယခင်က ဘရာဇီးဖိုက်တာ ဘရူနိုဆေးလ်ဗား နှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ပွဲပျက်ခဲ့သဖြင့် ရူအီတီဆုရူရာနှင့် ပြောင်းလဲ ထိုးသတ်ရခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်မှ UFC နှင့် စတင်လက်တွဲခဲ့သော်လည်း နှစ်နှစ်ကာလအတွင်း ခြောက်ပွဲထိုးသတ်ထားရာ ငါးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-UFC**

---

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၂၃၊ ဧရိယာ-(၂၀x၆၀)ပေ၊ မြေကွက်တည်နေရာ- အမှတ်(၂၃)၊ နဝရတ်လမ်းကျယ်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်ဝင်း (CA-၀၆၂၁၂) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း(CA-၀၆၂၁၂) (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ရှုကျင်[၁၂/သကတ(နိုင်) ၀၅၉၄၈၅]မှ ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်သူအဖြစ် ဇနီးဖြစ်သူ မိမိတစ်ဦးတည်းသာလျှင် ကျန်ရှိခဲ့ပါကြောင်း၊ အခြားဇနီးတစ်ဦး တစ်ယောက်မှ မကျန်ရှိပါကြောင်း၊ ကွယ်လွန်သူခင်ပွန်းနှင့် မိမိတို့သည် တရုတ်+ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် မိမိမှ ခင်ပွန်းဖြစ်သူ၏ ပိုင်ဆိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်ပိုင်ဆိုင်ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မှမရှိကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးတင်ဝင်း သေဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ဦးတင်ဝင်း၏ သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ ရှာဖွေမတွေ့ရှိသဖြင့် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၁၂-၁၂-၂၀၂၄)ရက်စွဲပါ အကြောင်းပြန်ကြားစာ၊ အိမ်ထောင်စုလူဦးရေ စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ သူဇာလမ်း၊ အမှတ်(၄)နေ ဦးထွန်းအောင်၏သား ဦးဝင်းနိုင် [၃/ဘအန(နိုင်)၀၄၂၉၅၅]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၄၄၂၈၈၁၈၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၄၃၄၀)ကို အမည်ပေါက် ဒေါ်ပြုံးကျင် (ဘ) ဦးပေါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဘန (နိုင်) ၀၄၈၁၃၃]မှ ဒေါ်ခင်သန်းဝင်း (ဘ) ဦးမောင်ချစ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဥကတ(နိုင်) ၀၅၅၃၂၆]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ တောကို မှီ၏**

## ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးရန် "အိတ်ဖွင့်တင်ဒါကြော်ငြာစာ"

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ (၅၃)ကြိမ်မှ(၅၅)ကြိမ်မြောက်၊ ဘွဲ့နှင်းသဘင် အခမ်းအနားကို (၂၉-၃-၂၀၂၅)ရက်နေ့(စနေနေ့)တွင် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို (၂၈-၃-၂၀၂၅)ရက်နေ့ (သောကြာနေ့)တွင် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင်လည်းကောင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ ဘွဲ့နှင်းသဘင် အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမတွင်း (အပြင်မပါ) ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးရေးအတွက် ဓာတ်ပုံရိုက်ကူးလိုသူများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပိတ်ရက်နှင့်ဖွင့်ရက်**
တင်ဒါပိတ်ရက် (၁၇-၃-၂၀၂၅)ရက်နေ့ (တနင်္လာနေ့)
မွန်းတည့် (၁၂:၀၀)နာရီ
တင်ဒါဖွင့်ရက် (၁၇-၃-၂၀၂၅) ရက်နေ့ (တနင်္လာနေ့)
မွန်းလွဲ(၁:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-(၀၉-၆၈၇၆၀၈၆၈၂၊ ၀၉-၆၈၇၀၀၇၇၂၇)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄ )၊ ယုဇနလမ်း ၊ မြေကွက်အမှတ် (၇၇၈/ခ)၊ အကျယ်အဝန်း (အလျား ၂၀'x အနံ ၆၀')၊ (၁၂၀၀ စတုရန်းပေ)၊ (၀.၀၂၇ ဧက) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်**နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် **မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ညွှန့် [၁၂/လမန(နိုင်)၀၅၂၄၅၀]** အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်မခွဲစိတ်ရသေးသော **အကျယ်အဝန်း (အလျား ၁၀'x အနံ ၆၀')၊ ဂရန်မူရင်းအခြမ်း**ကို ဝယ်ယူပိုင်ဆိုင်ထားသော ယခု ရောင်းချသူ **ဒေါ်အေးအေးသင်း [၁၂/ဒဂတ(နိုင်) ၀၃၉၃၆၄]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးမြတ်လင်း [၁၂/လမတ(နိုင်)၀၀၁၃၈၄]**က အပြီးအပိုင်ဝယ်ယူရန်အတွက် (၃-၃-၂၀၂၅)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက် ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## မဟာရ် ရွှေ၊ ငွေပစ္စည်းများပေးအပ်ပြီးကြောင်း

ကျွန်တော် ဦးဇော်မျိုးထက်မှ ဇနီးဖြစ်သူ မဆောင်းသဇင်နန်းထိုက်[၁၂/တမန(နိုင်)၁၄၃၂၀၆]အား ချစ်ခင်နှစ်သက်တန်ဖိုးထားသဖြင့် ကျွန်တော်ပိုင်ဆိုင်သော 5D/5977 နံပါတ် ဟီးနိုး (၁၂)ဘီး ကားတစ်စီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရှမ်းစု(၁)လမ်း၊ တိုက်အမှတ်(၁၁/၈၀)၊ ၃ ထပ်ခွဲ ၅ လွှာတိုက်ရှိ အကျယ်အဝန်း(၁၈x၅၆)ပေ၊ ပထမထပ်၊ ၃ လွှာတိုက်ခန်း(၁)ခန်းအပါအဝင် ၎င်းတို့နှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအသီးသီးတို့ကို မဟာရ် ရွှေ၊ ငွေပစ္စည်းများအဖြစ် သတ်မှတ်ကာ (၂၁-၂-၂၀၂၅)ရက်စွဲပါ လက်ထပ်စာချုပ်ဖြင့် အသိသက်သေလူကြီးများရှေ့မှောက်တွင် အပြေအကျေ လက်ငင်းပေးအပ်ပြီးစီးသဖြင့် ပေးဆပ်ရန်ကြွေးကျန်မရှိတော့ပါကြောင်း၊ မဆောင်းသဇင်နန်းထိုက်ရရှိထားသည့် မဟာရ် ရွှေ၊ ငွေပစ္စည်းများသည် ကျွန်တော်နှင့် လုံးဝ သက်ဆိုင်အကျိုးခံစားခွင့်မရှိတော့ပါကြောင်းနှင့် မဆောင်းသဇင်နန်းထိုက်မှ စိတ်ကြိုက်စီမံခန့်ခွဲခွင့်ရှိပါကြောင်း။

**ကြေညာသူ**
**ဦးဇော်မျိုးထက် [၁၂/သဃက(နိုင်)၂၂၀၇၀၃]**
**ဖုန်း-၀၉-၇၉၁၂၈၇၉၅၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၉ ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် (၂၆/၇) နေ ကျွန်ုပ်၏အမှုသည် ဒေါ်သက်ထားဆွေ [၁၂/သဃက(နိုင်)၁၇၅၄၄၁] သည် တရားလိုပြုလုပ်ပြီး တရားပြိုင် ဦးကျော်လွင်စိုး (ဘ) ဦးချစ်စိုး [၁၄/မအပ (နိုင်) ၂၃၀၅၇၇]အပေါ် "လင်မယားကွာရှင်းပေးစေလိုမှုနှင့် လက်ထပ်ပွားပစ္စည်းများအား လက်ရောက်ရလိုမှု"ဖြင့် ဗိုလ်တထောင်ခရိုင်တရားရုံးတော်တွင် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၂ ဖြင့် စွဲဆိုခဲ့ပြီးနောက် (၄-၁၂-၂၀၂၄)ရက်နေ့တွင် အနိုင်ဒီကရီ ရရှိခဲ့ပြီးဖြစ်ပါသည်။ ဒေါ်သက်ထားဆွေအနေဖြင့် လက်ထပ်ပွားပစ္စည်းများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ (၄)လွှာ၊ ညာခြမ်း၊ အမှတ် [၃၃/၃၅(ခ)] တိုက်ခန်းနှင့် Suzuki Swift မော်တော်ယာဉ်အမျိုးအစား၊ မော်တော်ယာဉ်အမှတ်-9D/3864 တို့အား တရားရုံးဒီကရီအရ တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး ၎င်းတစ်ဦးတည်းအနေဖြင့်သာ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Suzuki Swift မော်တော်ယာဉ်အမျိုးအစား၊ မော်တော်ယာဉ်အမှတ်-9D/3864 နှင့်ပတ်သက်ပြီး ဒေါ်သက်ထားဆွေ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သက်ထားဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသက်ဇင်ဦး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၁၀၁၈/၃၀-၄-၂၀၁၉)**
**အမှတ်-(၁၇/၁၉)၊ အခန်း-(၉)၊ (၄)ရပ်ကွက်၊ (၅၅)လမ်း၊ အောက်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉၇၆၄၆၁၄၈၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း(ခေါ်)ဗဟိုလမ်းရှိ မုဒိတာ တန်ဖိုးနည်းကွန်ဒိုအိမ်ရာ(၁)၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၇၀၄)၊ (၆)လွှာ၊ အကျယ်အဝန်း (၁၅x၄၀) ပေရှိ တိုက်ခန်းမှာ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်တွင် ဦးတင်အောင်စိုး [၁၂/လမန(နိုင်)၀၀၁၁၂၅] အမည်ဖြင့် မှတ်သားတည်ရှိပြီး အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူခိုင် [၁၂/သဃက(နိုင်)၁၅၈၈၇၇]မှ ၎င်းသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သီတာလှိုင် [၅/တဆန(နိုင်) ၁၂၉၀၇၀]က ဝယ်ယူမည်ဖြစ်ပါ၍ တိုက်ခန်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဖော်ပြပါတိုက်ခန်းအပြီးအပိုင် ဝယ်ယူခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**အမှတ်-၁၄၆/ဘီ၊ မုဒိတာအိမ်ရာ-၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

# (၂၈-၂-၂၀၂၅) ရက်နေ့ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ-၂၆ ပါ ထပ်မံရှင်းလင်းကြေညာခြင်းခေါင်းစဉ်ပါ ကြေညာအပေါ် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခိုင်မဥ္ဇူလတ် (ဦးရန်အောင်နိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူ)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်-

ကြော်ငြာစာအပိုဒ်(၁)ပါ "လူကြီးမင်းတို့၏ မိတ်ဆွေဒေါ်ခိုင်မဥ္ဇူလတ်၏ မောင်ဦးရန်အောင်နိုင်မှ လူမှုရေး ဦးစွာဖောက်ပြန်ခဲ့ပြီးနောက်" ဆိုသည့်အကြောင်းအရာ စာသားနှင့်ပတ်သက်၍ ဒေါ်ခင်ခင်ဆွေ၏ တိုင်ကြားတရားစွဲဆိုခြင်းအပေါ် သက်ဆိုင်ရာတရားရုံးမှ မည်သည့် အမိန့်တစ်စုံတစ်ရာကိုမျှ ချမှတ်ရသေးခြင်းမရှိကြောင်း၊ ရန်ကင်းမြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ရာတွင် (၂၁-၁၁-၂၀၂၄)ရက် "တရားစွဲဆိုရန်မသင့်ကြောင်း" အကြံပြုချက်အရ အမှုပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ အမှုပိတ်သိမ်းခဲ့ပြီးနောက်ပိုင်း ဒေါ်ခင်ခင်ဆွေမှ ရန်ကင်းမြို့နယ် တရားရုံးသို့ လျှောက်ထားတရားစွဲဆိုခဲ့ခြင်းသာဖြစ်ကြောင်း ရှင်းလင်းကြေညာထားခဲ့ပြီးဖြစ်သည့်အပေါ် ကျွန်ုပ်မိတ်ဆွေ၏ မောင်ဖြစ်သူ ဦးရန်အောင်နိုင်အား အရှက်ရ နစ်နာစေရန်လည်းကောင်း၊ သတင်းစာပါကြော်ငြာအား ပြန်လည်ဖြေရှင်းခြင်းမပြုပါက ဦးရန်အောင်နိုင်မှ ထိုပြစ်မှုအား အမှန်တကယ်ကျူးလွန်သူအဖြစ် ဝန်ခံသည့် သဘောသက်ရောက်နေစေရန် ရည်ရွယ်လျက်လည်းကောင်း၊ ဦးရန်အောင်နိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူလည်းဖြစ်၊ အစ်မတစ်ဦးလည်းဖြစ်သူ ကျွန်ုပ်တို့မိတ်ဆွေ ခေါ်ခိုင်မဥ္ဇူလတ်အားလည်း ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍လည်းကောင်း အကြိမ်ကြိမ်ထည့်သွင်း၍ အရှက်ရစေရန်ရည်ရွယ်ကြေညာနေခြင်းအား ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ရုပ်သိမ်းပေးပါရန် တောင်းဆိုလိုက်ပါသည်။ ရုပ်သိမ်းခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုသွားမည်ဖြစ်ကြောင်းကိုလည်း သိစေအပ်ပါသည်။

ထို့အတူ အပိုဒ်(၁)ပါ " ဦးရန်အောင်နိုင်အား (၂၀-၁၁-၂၀၂၄) ရက်နေ့မှ ယနေ့ထိ တွေ့ဆုံမြင်တွေ့ခွင့်ရရှိခဲ့ခြင်းမရှိပါ"ဟု ရေးသားဖော်ပြထားသဖြင့် ဒေါ်ခင်ခင်ဆွေအနေဖြင့် ဦးရန်အောင်နိုင်အား ရန်ကင်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ပြီးနောက်ပိုင်း ဦးရန်အောင်နိုင် ရဲစခန်းအချုပ်၌ရှိနေစဉ် တစ်ကြိမ်တစ်ခါမျှပင် တွေ့ဆုံရန် ကြိုးစားဆောင်ရွက်ခဲ့ခြင်း မရှိပါ။

ကြေညာစာအပိုဒ်(၁)ပါ အကြောင်းအရာများမှာ လူကြီးမင်းဘက်မှ ကျွန်ုပ်တို့မိတ်ဆွေအပြစ်ကျရန် ရည်ရွယ် ရေးသားထားမှုများအား ရုပ်သိမ်းပါရန် တောင်းဆိုအပ်ပါသည်။ လူကြီးမင်း၏ကြေညာချက်ပါ "ဦးရန်အောင်နိုင်မှ ကွာရှင်းလိုခြင်း ရှိ၊ မရှိ ပစ္စည်းခန်းခွဲဝေလိုခြင်း ရှိ၊ မရှိ သဘောထားအား ကျွန်ုပ်တို့မိတ်ဆွေမှ တိကျမှန်ကန်စွာမသိရှိရဘဲ ဒေါ်ခိုင်မဥ္ဇူလတ်၏ သဘောဆန္ဒအရသာ ကိုယ်စားလှယ်စာဖြင့် တရားစွဲဆိုလာခြင်းဖြစ်ကြောင်း"ဟူသည့် ဖော်ပြချက်အပေါ်ရှင်းလင်းသိစေအပ်သည်မှာ - ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြီးမှုအမှတ်-၁၃/၂၀၂၅ ဖြင့် ဒေါ်ခင်ခင်ဆွေအပေါ် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုအား စွဲဆိုသူသည် ဦးရန်အောင်နိုင် ကိုယ်တိုင်ဖြစ်ကြောင်းနှင့် ဒေါ်ခိုင်မဥ္ဇူလတ်သည် ရုံးတော်၏ခွင့်ပြုမိန့်အရ တရားစွဲဆိုပြီးနောက်မှ ဦးရန်အောင်နိုင်၏ အခွင့်ရကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်သည်ကို ရုံးတော်မှ ဒေါ်ခင်ခင်ဆွေအားဆင့်ခေါ်သည့် သမ္မန်စာအား လက်ခံရရှိ၍ (၂၇-၂-၂၀၂၅) ရက်နေ့တွင် ရုံးတော်ရှေ့မှောက်သို့ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသည့် ဒေါ်မိုးမိုးအေး၊ ဒေါ်သဇင်အေးတို့နှင့်အတူ ဒေါ်ခင်ခင်ဆွေကိုယ်တိုင်ရောက်ရှိသိရှိခဲ့ပြီးဖြစ်ပါလျက် အဆိုပါ ရုံးချိန်းနေ့ရက်၏ နောက်ရက်ဖြစ်သော (၂၈-၂-၂၀၂၅)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၁၃/၂၀၂၅ အမှု၌ ဒေါ်ခိုင်မဥ္ဇူလတ်နှင့်ပတ်သက်၍ ချမှတ်ခဲ့ပြီးဖြစ်သည့် အမိန့်အပေါ် ဆန့်ကျင်ကွဲလွဲစေသည့်သဘောမျိုး သက်ရောက်နေသည့် ကြေညာချက်များအား ထည့်သွင်းရေးသား ကြော်ငြာနေခြင်းသည် ရုံးတော်မှချမှတ်ခဲ့ပြီးဖြစ်သည့် အမိန့်အပေါ်တွင် တမင်သက်သက် လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ရာ ရောက်လျက်ရှိနေပါသည်။

ကြေညာစာအပိုဒ်(၂)ပါ မြေကွက်အား လွှဲပြောင်းရောင်းချခြင်းနှင့်ပတ်သက်၍ "ဦးရန်အောင်နိုင်၏ အတိအလင်း သဘောတူညီချက်မပါဘဲ လွှဲပြောင်းရောင်းချခြင်းမပြုရန်" အထွေထွေကိုယ်စားလှယ်စာရရှိသူတစ်ဦးအနေဖြင့် ပြင်းထန်စွာ သတိပေးတားမြစ်အပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေဘက်မှ တုံ့ပြန်ရှင်းလင်းကြေညာခြင်းအား လူကြီးမင်းဘက်မှ"ရှင်းလင်းတော့မည်မဟုတ်ကြောင်း"ကို ဖော်ပြမှုအား ကျွန်ုပ်မိတ်ဆွေမှ ကြိုဆိုလျက်ရှိကြောင်းနှင့် လိုအပ်လာပါက ဥပဒေနှင့်အညီ ထပ်မံရှင်းလင်းသည့် ကြေညာခြင်းအားလည်း ကျွန်ုပ်မိတ်ဆွေမှထည့်သွင်းကြေညာမည်ဖြစ်ကြောင်းကိုလည်း သိစေအပ်ပါသည်။ ဦးရန်အောင်နိုင်မှ ဒေါ်ခိုင်မဥ္ဇူလတ်အား တည်ဆဲဥပဒေနှင့်အညီ လွှဲအပ်ပေးထားသော ကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းရန် ခြွင်းချက်မရှိပါ။ ဦးရန်အောင်နိုင်မှ ဒေါ်ခိုင်မဥ္ဇူလတ်သို့ လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ဦးရန်အောင်နိုင်မှ ပြန်လည်ရုပ်သိမ်းရန် ဆက်သွယ်ညွှန်ကြားလာခြင်းမျိုး မရှိသေးပါ။ တရားဥပဒေနှင့်အညီ လွှဲအပ်လက်ခံထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ တည်မြဲနေခြင်းအပေါ် သက်ဆိုင်ခြင်းမရှိသော အပိုဒ်(၃)ပါ "ခင်ပွန်းဖြစ်သူ၏မျက်နှာအား မြင်တွေ့ခွင့်မရှိ၊ ပျောက်ဆုံးနေသော ခင်ပွန်းအပေါ် ကျွန်ုပ်တို့မိတ်ဆွေမှ ဆက်သွယ်၍ လုံးဝမရ၊ ယနေ့ထိလည်း တွေ့ဆုံခွင့်လည်း မရပါသဖြင့်"ဟု ဖော်ပြရေးသားချက်များမှာ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ် ခိုင်မဥ္ဇူလတ်မှ ဦးရန်အောင်နိုင်အား မတရားတားဆီးထားသည့်သဘော သက်ရောက်နေပါသည်။ ဒေါ်ခင်ခင်ဆွေမှ ဦးရန်အောင်နိုင်၏ အသုံးအဆောင်ပစ္စည်းများအား လှေကားရင်းသို့ ဝန်ထမ်းများအားချထားစေခဲ့ပြီး ဦးရန်အောင်နိုင်အား အတူနေထိုင်ရာအိမ်သို့ မဝင်ရောက်နိုင်ရန် တားဆီးနှင်ချခဲ့သဖြင့် ဦးရန်အောင်နိုင်မှာ (၂၆-၁၀-၂၀၂၄)ရက်နေ့နှင့် (၂၇-၁၀-၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် YANGON Luxury Condo အရောင်းပြပွဲအား အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရန်အတွက် ဟိုတယ်တစ်ခုတွင် သွားရောက်နေထိုင်ခဲ့ခြင်းသာဖြစ်ပြီး ထိုသို့ ဟိုတယ်တွင် လုပ်ငန်းကိစ္စများကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ကြိုးစားဆောင်ရွက်နေစဉ်အတွင်း ဒေါ်ခင်ခင်ဆွေမှ ရဲစခန်း တွင် တိုင်ကြားအမှုဖွင့်လှစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဦးရန်အောင်နိုင်ထံသို့ ဒေါ်ခင်ခင်ဆွေမှ (၂၁-၁၀-၂၀၂၄) ရက်နေ့တွင် ရှေ့နေနှင့် နို့တစ်စာပေးပို့၍ (၃)ရက်အတွင်း ကွာရှင်းပေးရန် တောင်းဆိုခဲ့ရာ ဦးရန်အောင်နိုင်မှ ဒေါ်ခင်ခင်ဆွေ၏ရှေ့နေထံ ဖုန်းဖြင့်ဆက်သွယ်၍ နှစ်ဦးသဘောတူ ကွာရှင်းရန်တောင်းဆိုမှုကို လက်ခံကြောင်း (၂၅-၁၀-၂၀၂၄)ရက်နေ့ နံနက်တွင် နှစ်ဦးသဘောတူ ကွာရှင်း၍ ပစ္စည်းခန်းခွဲဝေရေးအတွက် တွေ့ဆုံညှိနှိုင်းကြရန် ချိန်းဆိုထားခဲ့ပါသည်။ (၂၄-၁၀-၂၀၂၄)ရက်နေ့ ညနေပိုင်းတွင် ဦးရန်အောင်နိုင်သည် ဟိုတယ်၌ အရောင်းပြပွဲအတွက် ဆောင်ရွက်ဖွယ်ကိစ္စများအား ဆောင်ရွက်နေစဉ်အချိန်တွင် ဒေါ်ခင်ခင်ဆွေမှ ရန်ကင်းမြို့နယ်ရဲစခန်းသို့ တစ်လင်တစ်မယားအမှုဖြင့် အမှုဖွင့်တိုင်ကြားခဲ့၍ ရဲတပ်ဖွဲ့ဝင်များက လာရောက်ဖမ်းဆီးခေါ်ဆောင်ခြင်းခံရခြင်းသာဖြစ်ကြောင်းကိုလည်း အဖြစ်မှန်အား ရှင်းလင်းသိစေအပ်ပါသည်။ ချုပ်နှောင်ခံခဲ့ရစဉ်အတွင်းတွင်လည်း ဒေါ်ခင်ခင်ဆွေမှ ဇနီးမယားဖြစ်သည့်အားလျော်စွာ လာရောက်တွေ့ဆုံခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းများ မရှိခဲ့သလို ဥပဒေအကြံပြုချက်အရ ရဲစခန်းမှ အမှုပိတ်သိမ်းပြီးနောက်တွင်လည်း ရန်ကင်းမြို့နယ်တရားရုံးသို့ ဒေါ်ခင်ခင်ဆွေမှ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ပြန်ပါသည်။ သို့ပါ၍ "လွန်စွာဝမ်းနည်း ပူဆွေးသောကရောက်ရပါသည်" ဟု ကြော်ငြာပါ စကားရပ်သည် ဒေါ်ခင်ခင်ဆွေ၏ ပြုမူဆောင်ရွက်မှုနှင့် ဖီလာဆန့်ကျင်ကွဲလွဲနေ၍ ကျွန်ုပ်တို့မိတ်ဆွေမှ ယုံမှားသံသယဖြစ်မိကြောင်းကိုလည်း ကျွန်ုပ်တို့မိတ်ဆွေ၏ လွှဲအပ်ချက် အရ အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဦးရန်အောင်နိုင်မှ ဥပဒေနှင့်အညီ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာသည် ယနေ့အထိ ပျက်ပြယ်ခြင်းမရှိ တည်မြဲနေသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးသူ ဦးရန်အောင်နိုင်၏ကိုယ်စား ကျွန်ုပ်တို့မိတ်ဆွေ၏ဆောင်ရွက်မှုသည် ကိုယ်စားလှယ်လွှဲစာတည်မြဲနေသည့်အလျောက် ဦးရန်အောင်နိုင်ကိုယ်တိုင် ဆောင်ရွက်ဘိသကဲ့သို့ အပြည့်အဝသက်ဆိုင်ပါကြောင်း လူကြီးမင်း၏ကြော်ငြာစာပါအတိုင်း "သက်ဆိုင်မှုမရှိဘဲလာရောက်ပတ်သက်နေခြင်းမဟုတ်ကြောင်း" ကြေညာအပ်ပါသည်။ အထွေထွေ ကိုယ်စားလှယ်လွှဲစာအရ ကိုယ်စားလှယ်လွှဲအပ်ပေးသူ အကျိုးအတွက် ကိုယ်စားဆောင်ရွက်ခြင်းသာဖြစ်၍ ရပ်တန့်ရန်အကြောင်းမရှိပါကြောင်းနှင့် လူကြီးမင်း၏ ဥပဒေနှင့်မညီသော ကြော်ငြာကိုသာ ဤကြေညာပါပြီး (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် အသိပေး ကြေညာအပ်ပါသည်။ လူကြီးမင်းဘက်မှ ပြန်လည် တုံ့ပြန်ကြေညာခြင်း၊ မကြေညာခြင်းမှာ လူကြီးမင်း၏ သဘောဆန္ဒအရ ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြန်လည်ရှင်းလင်းကြေညာမည်ဆိုပါကလည်း ဥပဒေနှင့်ညီညွတ်မျှတစွာ ကြေညာစေလိုပါသည်။ ရှင်းလင်းကြေညာရန် လိုအပ်ချက်တစ်စုံတစ်ရာရှိပါကလည်း ကျွန်ုပ်တို့မှတစ်ဆင့် ကျွန်ုပ်တို့မိတ်ဆွေထံ အကူအညီတောင်းခံနိုင်ပါကြောင်းကို လည်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ် ခိုင်မဥ္ဇူလတ် (ဦးရန်အောင်နိုင်၏အထွေထွေကိုယ်စားလှယ်စာရသူ)၏ လွှဲအပ်ချက်အရ**

**ဦးမျိုးမောင်မောင်စိုး(စဉ်-၁၀၂၈၄)** **ဒေါ်ဝင့်ထက်ထက်စံ(စဉ်-၁၈၅၅၃)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးသန့်ဇင်လှိုင်(စဉ်-၅၀၈၃၈)** **ဦးအောင်နိုင်ဦး(စဉ်-၅၃၈၆၆)** **ဦးသီဟဇော်လတ်(စဉ်-၅၅၇၉၀)**

**အထက်တန်းရှေ့နေများ**

**တိုက်(၄၁)၊ အခန်း(၁၃)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၅၉၉၁၉၉၆၉၊ ၀၉-၆၉၂၇၈၀၉၆၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၄၇၉၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၁၄၇၉၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေကွက် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးမင်းသန့် [၁၃/လရန(နိုင်)၁၅၇၉၄၆] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၂၀-၁၂-၂၀၂၄) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ SHIV KUMAR (ခ) ဦးနေဝင်းကို [၉/ခအဇ(ပြု)၀၀၀၄၅၄]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော်** **ဦးကျော်မင်းနိုင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)**

**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၅၊ မြေကွက်အမှတ်-(၈၈)၊ ဧရိယာ (၀.၀၅၅) ဧက၊ အကျယ် (၄၀' x ၆၀') အနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခြေရင်းဘက်ခြမ်း၊ ဂရန်မူရင်းခြမ်း၊ (မြေကွက်အမှတ်-၈၆ နှင့် ကပ်လျက်အခြမ်း)၊ အကျယ် (၂၀'x ၆၀')၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၈၈၊ ကြေးတိုင်လမ်း၊ ၄၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးသိန်းဝင်း (BSN/W-၁၇၁၄၅၃) [၁၂/မရက(နိုင်)၀၆၅၅၃၅] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၁၉-၂-၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေနှင့်အိမ်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်"အရ ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်) ၁၅၄၆၀၄]က ဝယ်ယူ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော်** **ဦးကျော်မင်းနိုင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)**

**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောက်ရေတွင်းကွက်သစ်နေ ဦးတင်မောင်ဆွေ [၁၂/သလန(နိုင်)၀၁၁၆၆၇]၊ ဒေါ်အေးအေးသွယ် [၁၂/သလန(နိုင်)၀၄၉၆၅၅]တို့၏ သားဖြစ်သူ မောင်လင်းသူမောင်သည် မိခင်+ဖခင်တို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုမူများကြောင့် ရာသက်ပန်သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်လင်းသူမောင် [၁၂/သလန(နိုင်)၁၆၁၆၀၆]နှင့် ပတ်သက်သော ငွေရေးကြေးရေးအရှုပ်ရှင်းများနှင့် အခြားမည်သည့်ကိစ္စမဆို ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သောမိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**

**ဦးတင်မောင်ဆွေ+ဒေါ်အေးအေးသွယ်**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နွယ်နီလာထွန်း (စဉ်-၉၄၀၃) ဥပဒေဘွဲ့ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ရီရီနွယ် (စဉ်-၅၃၁၅၇) ဥပဒေဘွဲ့ အထက်တန်းရှေ့နေ**

**အမှတ်(၉၃၉)၊ ကိုရီးယားလမ်း၊ နတ်စင်ကုန်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၇၁၄၇၄၆၆၊ ၀၉-၄၀၂၆၇၈၂၈၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၁၁၅၅၊ မြေကွက်တည်နေရာအမှတ်-၁၁၅၅၊ ကြာနီလမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြောက် (ဦးသောင်းညွှန့်) (WKA-၀၂၀၁၉၄) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသောင်းညွှန့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင် ဇနီးတော်စပ်သူ ဒေါ်ကြည်မြင့်[၁၂/ဥကတ(နိုင်)၀၁၂၈၄၆]မှ တရားဝင် အမွေဆက်ခံသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အခြားဇနီး၊ မယားလည်း မရှိကြောင်း၊ မိမိမှာဗမာလူမျိုး ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်သည့် အားလျော်စွာ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မိမိသာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်ကြည်မြင့်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်(၁၁၀၅/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခမ္မာ(၅)လမ်း အမှတ်(၁၁၀၅/ခ)ဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ဆွေဆွေ[၉/ခမစ(နိုင်)၀၄၈၀၉၁]ထံက ဝယ်ယူရန်အတွက် ကျွန်ုပ်တို့မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်မိုးမိုးအောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၅၅)**

**အမှတ်(၄၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-421097403**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-က ၊ မြေကွက်အမှတ်-၅ရ၆၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်( ၅ရ၆ )၊ နွယ်သာကီ(၃)လမ်း၊ (က)ရပ်ကွက်၊ ဒေါ်အုံးမြိုင် (AA-000549) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်-ဒေါ်အုံးမြိုင် ထံမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်-၃ရရ၉/ ၉.၅.၂၀၂၄ ဖြင့်ပိုင်ဆိုင်လာသူများဖြစ်သည့် ဒေါ်သန်းသန်းဆွေ (၁၂/ဥကမ (နိုင်) ၁၁၈၁၄၆)၊ ဦးဝင်းနိုင်ဦး (၁၂/မရက (နိုင်) ၀၀၂၀၉၈)၊ ဒေါ်လွင်မာသန်း (၁၂/မရက (နိုင်) ၁၄၀၁၈၂)၊ ဦးငြိမ်းချမ်း (၁၂/ဥကမ (နိုင်) ၁ရ၅၄၄၅)၊ ဦးမျိုးမင်းထိုက် (၁၂/ဥကမ (နိုင်) ၂၀၂၂၀၁)၊ဦးချမ်းမြေ့အောင်(၁၂/ဥကမ (နိုင်) ၂၀၂၂၀၂)၊ ဒေါ်ကျော်ကျော်မိုးအောင် (၁၂/လမန (နိုင်) ၀၁၁၉ရရ) တို့မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ်-မဥ/ဂရန်မိတ္တူ-၂၀၂၄၀၂၂၆၅၅/၂၄/၂၀.၆.၂၀၂၄ ဖြင့် ဂရန်(မိတ္တူမှန်) လျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှားစာချုပ်အမှတ်-မဥ/က-၄၀၂/၉၃/၉.၉.၉၃ ဖြင့် ထုတ်ပေးထားသည့်မူရင်းဂရန်ကိုပယ်ဖျက်ပြီးဖြစ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်–ကျောက်တန်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်စိုးကြည်အမည်ဖြင့် ချထားပေးသော ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၅၄၁)၊ မြေအကျယ်(၄၀'x၆၀')အကျယ်ရှိ (ပါမစ်)မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်ခင်စန်းထွေး [၁၂/ဗတထ(နိုင်)၀၀၈၀၅၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးညွန့် [၁၂/တမန(နိုင်)၀၃၁၉၄၃] ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းများယူဆောင်ပြီး ဤကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမင်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း– ၀၉–၅၀၉၂၁၀၆**

## (၁၈–၂–၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ–၂၁ တွင် ဖော်ပြပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၁)လမ်း၊ အမှတ်–၂၂ အိမ်/မြေကွက်နှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဒေါ်မာမာသိန်းနှင့် အထက်တန်းရှေ့နေ များဖြစ်သော ဒေါ်နီနီဝင်း၊ ဒေါ်နှင်းဝေလွင်၊ ဦးထွန်းသူအောင်တို့၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ကန့်ကွက်ကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆)လမ်း၊အမှတ်– (၁၅၁၄)နေ ဒေါ်မြသိန်း[၁၂/တမန(နိုင်)၀၁၈၇၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦသည် **ဦးစိန်ထွန်းနှင့် ဒေါ်ခင်မြိုင်တို့၏သားသမီးများဖြစ်သော** ဦးကိုကိုကြီး၊ ဒေါ်သန်းသန်းရီ၊ ဒေါ်ကြည်ကြည်အေး၊ ဒေါ်သန်းသန်းငွေနှင့် ဒေါ်မြသိန်းတို့(၅)ဦးမှ အမွေဆက်ခံ ပိုင်ဆိုင်ကြပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦ အား ကျွန်ုပ်မိတ်ဆွေ ဒေါ်မြသိန်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်းမပြုလုပ်ရန် **(၁၀–၂–၂၀၁၃)ရက်နေ့ထုတ်** ကြေးမုံသတင်းစာတွင် **သတိပေးထားမြစ်ကြောင်း** ကြေညာထည့်သွင်းထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ သတင်းစာကြေညာထည့်ပြီးနောက် ပိုင်းဒေါ်မြသိန်းပါ(၅)ဦးမှ **(၁၆–၅–၂၀၁၄)ရက်စွဲပါ** ဝန်ခံကတိစာချုပ်ချုပ်ဆိုထားခဲ့ကြပါသည်။အထက်ဖော်ပြပါ မြေနှင့်အိမ်အား ကျန်အမွေဆက်ခံပိုင်ဆိုင်သူ(၄)ဦးမှ ရောင်းချရန် ပြုလုပ်နေကြောင်း စုံစမ်း သိရှိရသည့်အတွက် **(၁–၃–၂၀၂၅)ရက်နေ့ထုတ်** ကြေးမုံသတင်းစာတွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြသိန်းမှ ထပ်မံကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့သို့ကြေညာပြီးနောက်လိုက်လံစုံစမ်းကြည့်ရာ **(၁၈–၂–၂၀၂၅)ရက်နေ့တွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်**ကြေညာထည့်သွင်းထားသည်ကို သိရှိခဲ့ရ၍ **ကျွန်ုပ်မိတ်ဆွေ ဒေါ်မြသိန်း**၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်းအား **ကန့်ကွက်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။** လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကျင်ငွေ** | **ဒေါ်ဝင်းဝင်းခိုင်** |
| **(B.A(Eng.,R.L.,D.B.L.,D.I.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၂၄၂၅)** | **(စဉ်–၁၀၃၉၄)** |
| **Ph:09-5147432** | **Ph:09-5188901** |

**အမှတ်(၄၆)၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ရန်ကုန်မြို့နေ ဦးခိုင်ဆက် [၁၄/ရကန(နိုင်)၁၆၄၈၄၈]နှင့် ဒေါက်တာခင်မြတ်မွန်ဦး[၁၂/ဥကတ(နိုင်)၁၇၃၉၂၄] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးခိုင်ဆက် [၁၄/ရကန(နိုင်)၁၆၄၈၄၈]နှင့် ဒေါက်တာခင်မြတ်မွန်ဦး [၁၂/ဥကတ(နိုင်)၁၇၃၉၂၄]တို့မှ ဦးစီးဖွင့်လှစ်ထားသော တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းမကြီးပေါ်ရှိ **Dr. Mon Clinic** အရေပြားအထူးကုဆေးခန်းသည် ကောင်းသောဂုဏ်သတင်းဖြင့်ကျော်စောသည့် ဆေးခန်းတစ်ခုဖြစ်ပါသည်။ ယခုအခါ **Dr.Mon Clinic** အရေပြားအထူးကုဆေးခန်းနှင့် တည်ထောင်သူ ဦးခိုင်ဆက်၊ ဒေါက်တာခင်မြတ်မွန်ဦးတို့အား နာမည်ဂုဏ်သတင်း ညှိုးနွမ်းစေရန်နှင့် အများပြည်သူ အထင်လွဲမှားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများတွင် ပုဂ္ဂိုလ်ရေးအရ တိုက်ရိုက်သော်လည်းကောင်း၊ မိမိတို့၏လုပ်ငန်းဖြစ်သော **Dr. Mon Clinic** အမည်အား ဖော်ပြ၍သော်လည်းကောင်း ပို့စ်တင်ရေးသားခြင်း၊ မှတ်ချက်ပြုခြင်း၊ မျှဝေခြင်းများ ပြုလုပ်ဆောင်ရွက်နေသည်များ တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးခိုင်ဆက်၊ ဒေါက်တာခင်မြတ်မွန်ဦးနှင့် **Dr. Mon Clinic** အမည်အား အသုံးချ၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော အခြားနည်းလမ်းများနှင့်ဖြစ်စေ အများပြည်သူ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာ၊ ဆိုရှယ်မီဒီယာများပေါ်တွင် ရေးသားခြင်း၊ မှတ်ချက်ပြုခြင်း၊ မျှဝေခြင်းများ ထပ်မံပြုလုပ်ဆောင်ရွက်ခြင်းမပြုပါရန်နှင့် ပြုမူပြောဆို ရေးသားမှုများအား ဆိုရှယ်မီဒီယာများပေါ်တွင် တွေ့ရှိရပါက မည်သူကိုမဆို တည်ဆဲဥပဒေများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးခိုင်ဆက်** | **ဒေါ်မေထက်အောင် (LL.B, D.B.L)** |
| **[၁၄/ရကန(နိုင်)၁၆၄၈၄၈]** | **အထက်တန်းရှေ့နေ(စဉ်–၅၃၆၇၁/၂၀)** |
| **ဒေါက်တာခင်မြတ်မွန်ဦး** | **အမှတ်(၁၀၄)၊ ရတနာမဥ္ဇူလမ်း၊** |
| **[၁၂/ဥကတ(နိုင်)၁၇၃၉၂၄]** | **ဆ/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** |

**၀၉–၇၈၃၉၁၂၅၆၄၊ ၀၉– ၉၈၈၆၅၉၁၉၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ) ရပ်ကွက်၊ ရန်ပြေ (၁၂)လမ်း၊ အမှတ် (၂၃)ရှိ (၃)ခန်းတွဲ၊ RC (5) ထပ်တိုက်မှ မြေညီထပ် (A–1) (ခေါင်းရင်းခန်း) တိုက်မျက်နှာမူလျှင် ယာဘက်အစွန်အခန်း၊ ဧရိယာ (၁၂ပေခွဲx၅၅ပေ) ရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်သင်းချယ်ရီကျော် [၁၃/ကမန(နိုင်) ၀၉၉၄၂၇] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း) များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၁၂၃)**
**တိုက် – ၂၀၉၊ အခန်း –၂၃၊ ရန်နိုင်လမ်းသွယ်(၇) ၄–ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၄၀၀၂၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၁) ရပ်ကွက်၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၃/၉၇–က) ဟုခေါ်တွင်သော ဦးထွန်းလှိုင် အမည်ပေါက် (၂၀ပေ x ၆၀ ပေ)ကျယ်ဝန်းသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ထပ်တိုက်အိမ်တို့အား ဦးမာမက် [၁၂/လမန(နိုင်)၀၀၄၂၆၁]မှ ပိုင်ဆိုင်လက်ရှိထားအကျိုးခံစားလျက်ရှိပြီး ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လေးစိန် [၆/မအရ(နိုင်)၀၀၇၅၅၈]မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသိန်းမင်းဦး** | **ဒေါ်ပြည့်သဉ္ဇာငွေး** |
| **(LL.B, WIPO–Switzerland)** | **(LL.B, WIPO–Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)** |

**အမှတ်(၁၀)၊ ( A )ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၉၄၄၇၀၆၅၁၊ ၀၉–၄၄၄၄၆၄၄၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/တောင် ၊ မြေကွက်အမှတ်–၁၆ရ၈/ခ၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်( ၁၆ရ၈/ခ )၊ သလ္လာဝတီ(၅)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးအောင်ချစ် (LMA–၀၆၉၆၁၈)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်စုမာအောင် မှ တရားလိုပြုလုပ်၍ အမည်ပေါက် ဦးအောင်ချစ် အား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်– ၂၅/ ၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်းမြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ် အား မှတ်ပုံတင်ပေးစေလိုကြောင်းစွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် ( ၇.၆. ၂၀၂၄ )ရက်စွဲပါစီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်–၄၉/ ၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့် ( ၁၃.၁၁.၂၀၂၄ )ရက်စွဲပါတရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့် သာကေတမြို့နယ်တရားရုံး၏ ( ၁၄.၁၁.၂၀၂၄ )ရက်စွဲပါ စာအမှတ်–၁၀၅၃/ဇာရီ–၄၉/ ၂၀၂၄ ဖြင့် တရားရုံးကိုယ်စားမြေပုံမြေရာဇဝင်ကူးယူနိုင်ရန်အတွက် တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး (၁၂/ဥကတ (နိုင်) ၁၄၈၈၅၇) က ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ် ဒေါ်မိုးပပမျိုး မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၃၀၇(၂)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၁၅
## ကွယ်လွန်သူ ဦးမောင်မောင်၌ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးမြင့်ဇင် ---------------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ငွေတိုက်စိုးခြံလမ်း ၊ အမှတ်– ၃၃၈/၃ နေ ဦးမြင့်ဇင်က အမွေထိန်းလက်မှတ်စာ ရရှိပြီးဖြစ်သည်ဟူ၍ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၉၊ တတိယတန်းစားမြေကွက်အမှတ်– ၃၈၈၊ ငွေတိုက်စိုးခြံလမ်း၊ ဇ/မြောက်ရပ်ကွက်၊ အကျယ်အဝန်း (အလျား ၅၀ပေx အနံ ၅၀ပေ)ရှိ ဘိုးဘွားပိုင်မြေကွက် အမှတ် ၃၃၈/၃ နေ ၎င်းကွယ်လွန်သူ ဦးမောင်မောင် ကျန်ရစ်ခဲ့သောပစ္စည်းအား အမွေထိန်းလက်မှတ်စာရရှိထားပြီး ကွယ်လွန်သူ ဦးမောင်မောင် ကျန်ရစ်ခဲ့သော အမွေထိန်းလက်မှတ်ရရှိထားသည့်ပစ္စည်းအပေါ် ရောင်းချခြင်းအပါအဝင် စီမံခန့်ခွဲခြင်း ပြုလုပ်၍ ကွယ်လွန်သူ၏ ပေးဆပ်ရန် ငွေကြေးများရှိက ပေးဆပ်ရန်၊ ကျန်မောင်နှမများအား အမွေဝေစုများခွဲဝေပေးရန် ကွယ်လွန်သူအတွက် ရည်စူး လှူဒါန်းမှုတို့ကို ပြုလုပ်ရန်အတွက် အမွေထိန်းစာရရှိထားသော ပစ္စည်းအပေါ် စီမံခန့်ခွဲခွင့်ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးမောင်မောင် ကျန်ရစ်သောပစ္စည်းအပေါ် ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၅)ရက်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် (၁၂)ရက်နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးမြင့်ဇင်၏ လျှောက်ထားချက်ကို ကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၁၆၀ **M**၊ ဧရိယာ-၀.၁၃၇၇ ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ **Rose Garden Residence**၊ အမှတ်-၁၆၀ **M** ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပေးကမ်းသူများဖြစ်ကြသော ဦးဟောင်ရှင်းရှောက် (ခ) ဦးကျော်ဝင်း (၁၃/လရန(နိုင်)၀၈၄၁၇၅)နှင့် ဒေါ်လောဆွေ(၁၃/လရန(နိုင်)၀၅၄၁၆၀)တို့မှပိုင်ဆိုင်ပြီး အဆိုပါမြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အနက်မှ ထက်ဝက်တိတိဝေစုကို ၎င်းတို့၏တတိယသမီးဖြစ်သော ဒေါ်ယုယုဝင်း(၉/မဟမ(နိုင်)၀၁၈၄၆၁)အား မေတ္တာဖြင့်အပိုင်ပေးကမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထိုသို့မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀ ၁၆၃၅၂၊ ၀၉-၅၅ ၀၆၅၅၆။

## ဒေါ်ဥမ္မာကျော်လင်း[၇/သဝတ(နိုင်)၀၆၂၇၄၆]နှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်ရီရီကျော် [၁၂/ကမရ(နိုင်)၀၁၁၃၃၇] ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၅၃၅–ဘီ)၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ ၁၂၀၀–စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်ခွဲအာစီတိုက်တစ်လုံးတို့ကို ဒေါ်ဥမ္မာကျော်လင်းက (၄–၉–၂၀၂၃)ရက်စွဲပါ အိမ်ခြံမြေ စရန်ပေးစာချုပ်အရ စရန်ငွေပေးအပ်ဝယ်ယူထားသော်လည်း ၎င်းထံပေးပို့ခဲ့သည့် နို့တစ်စာပါဖော်ပြသည့် (၂၇–၂–၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ အပြီးသတ် ငွေပေးချေဝယ်ယူရန် ၎င်းဘက်မှပျက်ကွက်ခဲ့သဖြင့် ဒေါ်ဥမ္မာကျော်လင်း ပေးချေထားသော စရန်ငွေများသည် ဥပဒေအရ ဆုံးရှုံးသွားပြီးနောက် ဒေါ်ရီရီကျော်နှင့် ဒေါ်ဥမ္မာကျော်လင်းတို့ ချုပ်ဆိုခဲ့သော (၄–၉–၂၀၂၃) ရက်စွဲပါ သဘောတူစာချုပ်ကို ဒေါ်ရီရီကျော်က ဖျက်သိမ်းပါကြောင်း ဒေါ်ဥမ္မာကျော်လင်းနှင့် အများသိစေရန် ကြေညာလိုက်သည်။

**ဒေါ်ရီရီကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဝင်းထွန်းနိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်တင့်တင့်ခိုင်(LL.B,D.B.L,D.I.L,CBL)** |
| **(စဉ်–၈၈၁၅)** | **(စဉ်–၁၄၈၅၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်– ၁၈၉/၁၉၅၊ ၇–လွှာ၊ ပန်းဆိုးတန်းအော့ဖစ်တာဝါ၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၂၀၀၃၃၇၄၄**

## "ဦးကျော်မင်းထိုက် သိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မျဉ်းပြိုင်ကွင်းလမ်း၊ အမှတ်– 24/26, 4B/C ကွန်ဒိုနေ ဦးဇော်မိုးအောင်[၁၄/ဖပန(နိုင်)–၁၃၈၁၀၂]၊ TAW WIN AKARIZ CO,Ltd ၏ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ မှော်ဘီနည်းပညာ တက္ကသိုလ်၊ အခန်း(၆)၊ နှင်းဆီဆောင်နေ ဦးကျော်မင်းထိုက် [၈/မကန(နိုင်)၁၇၇၂၀၁] သိစေရန်အသိပေးအပ်ပါသည်။ ဦးကျော်မင်းထိုက်သည် TAW WIN AKARIZ CO,Ltd ၌(၇–၁၀–၂၀၂၄) တွင် HR Manager ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး (၁၄–၂–၂၀၂၅) နေ့ကတည်းက ကုမ္ပဏီသို့ လုံးဝလာရောက်ခြင်း မရှိတော့ပါ။ ဖုန်းဖြင့် ဆက်သွယ်သော်လည်း အကြောင်းအမျိုးမျိုးပြပြီး ယနေ့တိုင် လာရောက်ခြင်းမရှိပါ။ ဦးကျော်မင်းထိုက်အနေဖြင့် ဖြေရှင်းရန် ကျန်ရှိသည့် ကုမ္ပဏီပိုင် ငွေရေးကြေးရေးကိစ္စ၊ ကုမ္ပဏီပိုင် စာရွက်စာတမ်းကိစ္စများကို ဤသတင်းစာကြော်ငြာပါပြီး တစ်ပတ်အတွင်း ကုမ္ပဏီသို့ လာရောက်ဖြေရှင်းပေးပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသက်လွင် (စဉ်–၆၅၁၃)** | **ဒေါ်နန့်သင်းသင်းရွှေ(စဉ်–၉၄၀၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း– ၀၉–၄၂၉၃၃၅၅၄၁၊ ၀၉–၄၅၀၀၃၄၈၂၉**

## " ဦးအောင်မိုးမြင့်သိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မျဉ်းပြိုင်ကွင်းလမ်း၊ အမှတ်– 24/26, 4B/C ကွန်ဒို၊ နေ ဦးဇော်မိုးအောင် [၁၄/ဖပန(နိုင်)၁၃၈၁၀၂]၊ TAW WIN AKARIZ CO,Ltd ၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ကျောင်းကြီး (၆)လမ်း၊ အမှတ်–(၁၈)နေ ဦးအောင်မိုးမြင့် [၁၃/တကန(နိုင်)၂၅၂၃၂၅]သိစေရန် အသိပေးအပ်ပါသည်။ ဦးအောင်မိုးမြင့်သည် TAW WIN AKARIZ CO,Ltd ၌ (၁၆–၁၂–၂၀၁၄)တွင် စတင်တာဝန်ထမ်းဆောင်ပြီး (၂၄–၁၂–၂၀၂၄)ရက်နေ့တွင် မီးပွိုင့်တွင်ရပ်ထားသောရှေ့ကားအား လူကြီးမင်း၏ ပေါ့လျော့မှုကြောင့် မတော်တဆယာဉ်တိုက်မှုဖြစ်ပွားခဲ့ပါသည်။ အဆိုပါ ယာဉ်တိုက်မှုအတွက် ကုမ္ပဏီပိုင်မော်တော်ယာဉ်ပျက်စီးမှုကုန်ကျစရိတ်နှင့် အတိုက်ခံရသည့်မော်တော်ယာဉ်ပျက်စီးမှု ကုန်ကျစရိတ်များကို ဦးအောင်မိုးမြင့်မှ အပြေအကျေတာဝန်ယူပေးလျော်မည်ဟု အာမခံသူတစ်ဦးနှင့် သက်သေတစ်ဦးတို့ အပါအဝင် ကုမ္ပဏီသို့ ကတိပြုခဲ့ပါသည်။ ၎င်းနောက်ပိုင်း ဆက်သွယ်မှုမရတော့ဘဲ တိမ်းရှောင်နေသဖြင့် အထက်ပါ ကုန်ကျစရိတ်အဝဝကို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကုမ္ပဏီသို့ အမြန်လာရောက်အပြေအကျေပေးပါရန် သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသက်လွင် (စဉ်–၆၅၁၃)** | **ဒေါ်နန့်သင်းသင်းရွှေ(စဉ်–၉၄၀၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း – ၀၉–၄၂၉၃၃၅၅၄၁၊ ၀၉–၄၅၀၀၃၄၈၂၉**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်အောင်လှိုင်ထူး (ဘ) ဦးမြင့်သန်း [၁၂/မဂတ(နိုင်)၀၈၇၃၁၂]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏ မိတ်ဆွေ မောင်အောင်လှိုင်ထူး (ဘ) ဦးမြင့်သန်း [၁၂/မဂတ(နိုင်)၀၈၇၃၁၂]နှင့် မထက်မြတ်မြတ်ကျော် (ဘ) ဦးကျော်စိန် [၁၂/ကခက(နိုင်)၀၉၇၄၆၇]တို့သည် (၁၂–၂–၂၀၂၂)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါတွင် စိတ်သဘောထားချင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် (၂၀–၁၂–၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစာချုပ်"ဖြင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ကူညီဖြေရှင်းခြင်းများ မပြုလုပ်တော့ဘဲ တစ်ဦးနှင့်တစ်ဦးမည်သို့မျှပတ်သက်စပ်ဆိုင်ခြင်းများမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

**မောင်အောင်လှိုင်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုမာ(LL.B, LLM)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၀၇)**
**ဖုန်း– ၀၉–၄၂၀၀၅၈၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၈၂)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ တတိယထပ်၊ (၄–လွှာ)၊ (ခေါင်းရင်းခန်း) ၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ RC တိုက်ခန်း (တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် (၁–၇–၁၉၉၇)နေ့စွဲပါ မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်အရ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားနေ၍ ယခု ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းသန်း [၉/မခန (နိုင်) ၀၂၇၇၇၈]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်LL.B** | **ဒေါ်အိဖြိုးဇင်LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၇၅)** |
| **ဖုန်း ၀၉ – ၄၂၀၃၅၉၆၃** | **ဖုန်း ၀၉ – ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## FAMILY AMATEUR CUP ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မန္တလေးမြို့၌ ကျင်းပ



မန္တလေး မတ် ၄

FAMILY AMATEUR CUP ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဗထူးအားကစားပြိုင်ကွင်း၌ မတ် ၃ ရက် ညနေပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် မန္တလေးဘောလုံးသမားဟောင်းများအသင်းမှ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ★

## UFC 313 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန် တွဲဆိုင်းပါဝင်မည်

ရန်ကုန် မတ် ၄

မြန်မာစံတော်ချိန် မတ် ၉ ရက် နံနက်ပိုင်းတွင်ကျင်းပမည့် UFC 313 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန်တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် ဂျပန်ဖိုက်တာ ရူအီတီဆုရူရာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ပွဲစဉ် (၆) တွင် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ☆



## ၄ - ၃ -၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ယနေ့ ဖတ်စရာ**

**ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို) ဖမ်းဆီးရမိ** စာမျက်နှာ » ၁၄

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့** စာမျက်နှာ » ၁၅

**အင်ဒိုနီးရှားနိုင်ငံ၌ စွမ်းအင်ဆိုင်ရာစီမံကိန်း ၂၁ ခု ဆောင်ရွက်မည်** စာမျက်နှာ » ၁၈

## ဗီရိုနာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဂျူဗင်တပ်အသင်း အီတလီစီးရီးအေအမှတ်ပေးဇယား အဆင့်(၄)နေရာ တက်လှမ်း



ဂျူဗင်တပ်အသင်းနှင့် ဗီရိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဂျူဗင်တပ်အသင်းနဲ့ ဗီရိုနာအသင်းတို့ မတ် ၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေ ပွဲစဉ်(၂၇) မှာ ဂျူဗင်တပ်အသင်းက ဗီရိုနာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာကြောင့် ဂျူဗင်တပ်အသင်းဟာ အီတလီစီးရီးအေအမှတ်ပေးဇယားအဆင့် (၄) နေရာသို့ တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ ဗီရိုနာအသင်းဟာ ဆူစလက်ဗ်က သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ရုပ်သံလက်ထောက်ဒိုင်ရဲ့ ဆုံးဖြတ်ချက်ကြောင့် ဂိုးအဖြစ် မသတ်မှတ်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✻